ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သော သဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ သောကြာနေ့။ Friday 6 December 2019 ၉၈၅၅

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့စုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့စုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၅**

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

- စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ကျပ်ငွေ ငါးသိန်းအဖြစ် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်။
- ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်သည် ဈေးကွက်ပေါက်ဈေးက အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်ကို ကျဆင်းနေပါက အခြေခံရည်ညွှန်းစပါးဈေးအတိုင်း ဝယ်ယူပေးခြင်းအားဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မြှင့်တင်နိုင်ရန်ဖြစ်။

## ကြေးမုံ ယနေ့ဖတ်စရာ

မြန်မာတစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများ၏ ၅၀ ရာခိုင်နှုန်း နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်းအခမ်းအနား ကျင်းပ
စာမျက်နှာ » ၃

မြန်မာနိုင်ငံ လွတ်လပ်သောရှေ့နေများအသင်းက သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်
စာမျက်နှာ » ၁၁

မြန်မာစာရေးဆရာကလပ်က ထုတ်ပြန်ကြေညာချက်တစ်ရပ်ထုတ်ပြန်
စာမျက်နှာ » ၁၁

စေတနာဆေး မေတ္တာဆေး သစ္စာဆေး . . .
ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။

ကြေးမုံ

# လေးစားတန်ဖိုးထားအပ်သည့် ဘာသာရပ်

၂၀၂၀ ပြည့်နှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ နိုဝင်ဘာလ ၂၉ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။ စာမေးပွဲ၌ ဘာသာရပ်အလိုက်ဖြေဆိုမည့် စာရင်းသွင်းဦးရေအရ ဘာသာတွဲ ခုနစ်မျိုးအပေါ်တွင် ကျောင်းသား ကျောင်းသူများ ရွေးချယ်မှုအနည်း/ အများကို တွေ့ရသည်။

ဘာသာတွဲတိုင်းတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာတို့ပါဝင်ပြီး စာရင်းသွင်းဦးရေအရ ဝိပ္ပံဘာသာတွဲနှင့် သိပ္ပံဘာသာတွဲတွင် အများဆုံးဖြစ်နေပြီး သိပ္ပံနှင့်တွဲသည့် ပထဝီဝင်နှင့် သမိုင်းဘာသာတွဲတွင် ဖြေဆိုသူအနည်းငယ်ရှိသည်။ ပထဝီ၊ သမိုင်းပါသည့် စိတ်ကြိုက်မြန်မာစာဘာသာတွဲတွင် ၁၀ ဦးနှင့် သမိုင်း၊ ဘောဂဗေဒပါသည့် စိတ်ကြိုက်မြန်မာစာဘာသာတွဲတွင် တစ်ဦးသာ စာရင်းပေးထားသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ၏ ရွေးချယ်မှုအရ သိပ္ပံဘာသာများနှင့် ဘောဂဗေဒဘာသာကို အများဆုံးရွေးချယ်ကြသည်ကိုတွေ့ရသည်။ ယခင်က သမိုင်းဘာသာတွဲရွေးချယ်မှုမှာ အနည်းဆုံးဖြစ်ခဲ့သော်လည်း ယခုစိတ်ကြိုက်မြန်မာစာဘာသာတွဲ ရွေးချယ်မှုမှာ အနည်းဆုံးဖြစ်နေသည်ကို တွေ့ရသည်။ ယခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ တစ်သန်းနီးပါးရှိရာ၌ စိတ်ကြိုက်မြန်မာစာဘာသာတွဲ၌ တစ်ဦးတည်းဖြေဆိုမည်မှာ အံ့သြစရာဖြစ်သည်။

ကျောင်းသား ကျောင်းသူများ၏ ဘာသာရပ်ရွေးချယ်မှုကို စေ့ငုကြည့်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရလမ်းရှိမည့် အသက်မွေးဝမ်းကျောင်းပညာနှင့်ဆိုင်သော သိပ္ပံနှင့်ဘောဂဘာသာတွဲဆိုင်ရာများအား ဦးစားပေးခဲ့ကြသည်ကိုတွေ့ရသည်။ စိတ်ကြိုက်မြန်မာစာဆိုသည်မှာ မြန်မာစာပေနှင့်ပတ်သက်၍ အထူးပြုထားသောဘာသာရပ်ဖြစ်သည်။ မြန်မာစာပေတွင် နှံ့စပ်ကျွမ်းကျင်သူတစ်ယောက်ဖြစ်ပါက မြန်မာတို့၏ လူမှုဘဝနယ်ပယ်တွင်ဖြစ်စေ၊ အလုပ်အကိုင်နယ်ပယ်တွင်ဖြစ်စေ မည်မျှအကျိုးရှိ ထိရောက်မှုဖြစ်သည်ကို သတိမမူမိ၍သော်လည်းကောင်း၊ အလုပ်အကိုင်ရနိုင်ရေး ခက်ခဲမည်ကိုစိုးရိမ်သဖြင့် မရွေးချယ်ခြင်းသော်လည်းကောင်း ဖြစ်ကောင်းဖြစ်နိုင်သည်။


လောကတွင် အသိနှင့် အတတ်ဟူ၍ရှိရာ ဝိဇ္ဇာသည် အသိပညာရှင်များဖြစ်နိုင်ပြီး သိပ္ပံသည် အတတ်ပညာရှင်များ ဖြစ်နိုင်သည်။ အသိပညာသည် လောက၏သက်ရှိ၊ သက်မဲ့တို့အကြောင်း၊ ဘဝအကြောင်း အဆိုးအကောင်းတို့ကို လေ့လာစူးစမ်း သင်ယူခြင်းဖြစ်သည်။ လောကအကျိုး၊ လူ့အကျိုးကို လမ်းမှန်ရှာဖွေခြင်းဖြစ်သည်။ အတတ်ပညာသည် သက်ရှိသက်မဲ့တို့ ဘဝကောင်းရေး၊ တည်တံ့ရေး၊ လှပရေး၊ ပြည့်စုံရေး၊ ပျော်ရွှင်ရေးကို တည်ဆောက်ခြင်းဖြစ်သည်။ အသိပညာသည် စိတ်ပိုင်းဆိုင်ရာပြုပြင်ဖန်တီးခြင်းဖြစ်ပြီး အတတ်ပညာသည် ရုပ်ပိုင်းဆိုင်ရာပြုပြင်ဖန်တီးခြင်းဖြစ်သည်။

လောကတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ မျှမျှတတတည်ထွန်းကားမှ လူ့ဘောင်လောက သာယာဖွံ့ဖြိုးမည်မှန်သော်လည်း စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေး၌ အသိဉာဏ်အမြော်အမြင် ဆင်ခြင်နိုင်မှုဉာဏ်ပညာပြည့်စုံအောင် ဆည်းပူးအားထုတ်နိုင်မှ သာယာတည်ထွန်းသည့် လောကကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ဝိဇ္ဇာဖြစ်စေ၊ သိပ္ပံဖြစ်စေ မည်သည့်ဘာသာရပ်ကိုယူယူ ဘာသာတွင် ကျွမ်းကျင်နှံ့စပ်သူဖြစ်ရန်သာ လိုရင်းဖြစ်သည်။ ပညာတစ်ရပ်၌ နှံ့စပ်ကျွမ်းကျင်သော်လည်း စိတ်ဓာတ်မကောင်းပါက ခရီးရောက်မည်မဟုတ်ပေ။

စိတ်ဓာတ်ကောင်းဖြင့် မည်သည့်ဘာသာမဆို ဆည်းပူးယူနိုင်လျှင် အလုပ်အကိုင်နှင့် ဝင်ငွေတို့မှာ ထက်ကြပ်မကွာ လိုက်ပါလာမည်ဖြစ်သည်။ ဘာသာရပ်ရွေးချယ်မှုတွင် အလုပ်အကိုင်ရရေးထက် မိမိကိုယ်တိုင်က ဘာသာရပ်နယ်ပယ်တွင် ကျွမ်းကျင်နှံ့စပ်ပြီး စိတ်ဓာတ်ကောင်းအောင် ကြိုးပမ်းအားထုတ်ခြင်းဖြင့် မိမိဘဝ၊ မိမိနယ်ပယ်၊ မိမိနိုင်ငံအတွက် အကျိုးများမည်မှာ သေချာပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## နှစ်အလိုက် မဟာဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်နိုင်မှု အခြေအနေ




## ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၆၅/ ၂၀၁၉) ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး (၆၅/၂၀၁၉) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညွန့်စိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေဝင်းအောင် (ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၅-၁၂-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၅၀၅ | ၅,၈၀၇,၅၀၀ |
| MTSH | ၃,၈၅၀ | ၃,၈၅၀ | ၃,၉၁၈ | ၁၅,၀၈၆,၀၅၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၁၅၅ | ၃,၅၆၅,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၉၀၀ | ၄၆ | ၁၃၃,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဒီဇင်ဘာ ၅**

ရန်ကုန်(ရွှေဈေး) ၁၁၈၆၅၀၀ မန္တလေး(ရွှေဈေး) ၁၁၈၆၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၇၀/၉၅၅ ကျပ် | ၉၅၅/၉၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၃၀/၉၇၅ ကျပ် | ၁၀၂၅/၁၀၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၂၀/၈၈၅ ကျပ် | ၉၂၀/၉၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၈၀/၉၆၅ ကျပ် | ၉၇၀/၉၈၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၄၀/၈၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၀/၈၅၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၉၀/၇၉၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၀၀.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၆၃.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၃.၁၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၄၆၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၉.၈၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၀၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၇၈.၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၁၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၆.၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၂.၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ညွှ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စစ် ဟာနားမောတိုးလ်ဗားအား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာ-ချက် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်ချင်း ပိုမိုခိုင်မာစွာ ဆက်သွယ်ဆောင်ရွက်ရေး၊ ပြည်ထောင်စုအဆင့် လွှတ်တော်များသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
| --- | --- |
| (က) ပါမောက္ခ ဒေါက်တာသိန်းမေစော | ပါမောက္ခချုပ် ဆေးဝါးတက္ကသိုလ်(မန္တလေး) ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန |
| (ခ) ဦးအောင်ခိုင်ထွန်း | ညွှန်ကြားရေးမှူးချုပ် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီအရင်ခံရေးဦးစီးဌာန စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဖြူမာဝေကို စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ပြည်သူ့လွှတ်တော် လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်စုစုလွင် DFID အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်သူ့လွှတ်တော် လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်စုစုလွင်သည် UK Department for International Development (DFID) အဖွဲ့မှ Dr. Rurik Marsden အား ယနေ့မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ်(I-1) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။(ယာပုံ)

**ဆွေးနွေး**

တွေ့ဆုံစဉ် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်မှုဆိုင်ရာများ၊ လွှတ်တော်၏ သုတေသနနှင့် ကော်မတီများဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ကူညီဆောင်ရွက်ပေးနေမှုများနှင့် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**



# မြန်မာတစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများ၏ ၅၀ ရာခိုင်နှုန်း နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၅**

မြန်မာတစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများ၏ ၅၀ ရာခိုင်နှုန်း နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ရည်မှန်းချက်များ သတင်းထုတ်ပြန်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးသူရအောင်ဘိုက မြန်မာတစ်နိုင်ငံလုံးရှိ အိမ်ထောင်စု အရေအတွက်ပေါင်း ၁၀၈၇၇၈၃၂ စု ရှိသည့်အနက် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ အိမ်ထောင်စုအလိုက်ဓာတ်အားရရှိမှုမှာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း အိမ်ထောင်စု စုစုပေါင်း ၅၄၄၈၇၀၆ စု ဓာတ်အားရရှိပြီးဖြစ်ကြောင်း။

ဆက်လက်ဆောင်ရွက်သွားရန် ရေးဆွဲထားသော စီမံချက်များအရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် အိမ်ထောင်စုပေါင်း ၅ ဒသမ ၉၈ သန်း(၅၅ ရာခိုင်နှုန်း)၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အိမ်ထောင်စုပေါင်း ၈ ဒသမ ၂၆ သန်း (၇၅ ဒသမ ၉၅ ရာခိုင်နှုန်း)၊ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်တွင် အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၄၅ သန်း (၉၆ ဒသမ ၀၇ ရာခိုင်နှုန်း) ဓာတ်အားရရှိနိုင်မည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈၈ သန်းအနက် ဓာတ်အားစနစ်ဖြင့် လက်လှမ်းမမီနိုင်သည့် ကျန်အိမ်ထောင်စု သုည ဒသမ ၄၃ သန်း (၃ ဒသမ ၉၃ ရာခိုင်နှုန်း)အား ဓာတ်အားစနစ်ပြင်ပ (အခြားနည်းလမ်းများ)ဖြင့် ဓာတ်အားရရှိရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**ရှင်းလင်းပြောကြား**

ထို့ကြောင့် လာမည့်ဒီဇင်ဘာ ၁၂ နှင့် ၁၃ ရက်တို့တွင် မြန်မာတစ်နိုင်ငံလုံး အိမ်ထောင်စုများ၏ ၅၀ ရာခိုင်နှုန်း နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားပေးနိုင်ခြင်း အထိမ်းအမှတ်အခမ်းအနားများကို နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတွင် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**သတင်းစဉ်**

# မိတ္ထီလာ၌ အခြေခံမဲဆန္ဒရှင်စာရင်းများ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဒီဇင်ဘာ ၅**

မိတ္ထီလာမြို့နယ်အတွင်း အခြေခံမဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်ရေးအတွက် ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ရုံးများသို့ ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်ဝင်းထံမှ သိရသည်။

"ကွန်ပျူတာအမှားအယွင်းကြောင့်ပဲဖြစ်ဖြစ်၊ ရပ်ကွက်/ကျေးရွာအုပ်စုတွေက တက်လာတဲ့စာရင်းတွေကနေ အမှားအယွင်း ရှိနေတာပဲဖြစ်ဖြစ် ပြန်ပြီးတော့ ပြုပြင်နိုင်အောင်လို့ ကွင်းဆင်းစစ်ဆေးတာပါ။ မဲစာရင်းတွေမှာ ဘယ်လိုအမှားအယွင်းမျိုးဆိုရင် ဘယ်နည်းလမ်းနဲ့ပြင်ရမယ်ဆိုတာမျိုးတွေလည်း ကွင်းဆင်းရင်း ရှင်းပြပေးသွားပါတယ်" ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်ဝင်းက ပြောသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ မဲဆန္ဒနယ်(၁)နှင့် မဲဆန္ဒနယ် (၂)တို့တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အဖွဲ့နှစ်ဖွဲ့ခွဲ၍ အခြေခံမဲစာရင်းများ ကွင်းဆင်းစစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိပြီး နောက်ဆုံးစာရင်းများအရ မြို့နယ်အတွင်း မဲပေးနိုင်သည့် မဲဆန္ဒရှင် ၂၄၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

❖ ရွှေဖုံးမှ
နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ထုတ်ပြန်ကြေညာခဲ့**

ရှေးဦးစွာ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာနိုင်ငံ၏ အဓိကသီးနှံဖြစ်သည့် ဆန်၊ စပါး ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခုဖြစ်ပေါ်နေသော ပြည်ပဝယ်လိုအားကျဆင်းခြင်းကြောင့် အခြေခံရည်ညွှန်း စပါးဈေးနှုန်းထုတ်ပြန်ပေးရန် လိုအပ်ချက်ကြောင့် ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး ထုတ်လုပ်မှုကုန်ကျစရိတ် တွက်ချက်သုံးသပ်စေ၍ ၂၀၁၉–၂၀၂၀ ခုနှစ်အတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

အဆိုပါ ထုတ်ပြန်ကြေညာချက်အပေါ် အကောင်အထည်ဖော်နိုင်ရေးနှင့် သကြားကဏ္ဍ၊ ငါး၊ ပုစွန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ဦးဆောင်အဖွဲ့ဝင်များမှ ယခုကျင်းပသည့် အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားကြရန် ဦးဆောင်အဖွဲ့၏ စုံညီအစည်းအဝေးကို ခေါ်ယူခြင်းဖြစ်ပါကြောင်း။

ဦးဆောင်အဖွဲ့အနေဖြင့် ဥပဒေပုဒ်မ (၂၃) အရ ဝယ်ယူမည့် လယ်ယာထုတ်ကုန်အမျိုးအစားနှင့် အစီအစဉ်တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူ၍ စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ငွေကျပ်ငါးသိန်းအဖြစ် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်သည် ဈေးကွက်ပေါက်ဈေးက အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်ကို ကျဆင်းနေပါက အခြေခံရည်ညွှန်းစပါးဈေးအတိုင်း ဝယ်ယူပေးခြင်းအားဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မြှင့်တင်နိုင်ရန်ဖြစ်ပါကြောင်း။

**တိုက်တွန်းလို**

စပါးဝယ်ယူရန်လိုအပ်လာပါက နိုင်ငံတော်မှလည့်ပတ်ရန်ပုံငွေ ငွေကျပ် ၁၅ ဘီလီယံကို သုံးစွဲခွင့်ပြုထားပေးပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဆန်၊ စပါး၊ ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့များအနေဖြင့် မိမိတို့ဒေသအတွင်း စပါးဝယ်ယူရန် လိုအပ်ပါက လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြဆောင်ရွက်သွားနိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက ကြီးကြပ်ဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း။

ထို့ပြင် ပြည်တွင်း၌ စပါးလက်ကျန်များပြားမှုကြောင့် ဈေးနှုန်းကျဆင်းခြင်းကို ထိန်းကျောင်းနိုင်ရန် လုံးသွယ်အမျိုးအစားစပါးကို စပါးအတိုင်း ပြည်ပသို့ တင်ပို့ရောင်းချခွင့်ကိုလည်း ၂၀၁၉ ခုနှစ် အောက်တိုဘာမှ ဒီဇင်ဘာအထိ တင်ပို့ခွင့်လိုင်စင် ခွင့်ပြုပေးမည်ဖြစ်ပြီး တန်ချိန်နှစ်သိန်းမှ စတင်ခွင့်ပြုမည်ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်အပြီး တင်ပို့ရန်နှင့် လိုအပ်ပါက တန်ချိန်ငါးသိန်းအထိ တင်ပို့ခွင့်ပြုမည်ဖြစ်ပါကြောင်း၊ လယ်ယာထုတ်ကုန်များ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ဆောင်ရွက်ရာတွင် ဆန်စပါးအပြင် လက်ရှိဖြစ်ပေါ်နေသည့် သကြားဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှုမရှိခြင်း၊ ဈေးနှုန်းကျဆင်းခြင်းတို့ကြောင့် ကြံစိုက်ပျိုးသူနှင့် သကြားစက်ရုံပိုင်ရှင်တို့ နှစ်ဦးနှစ်ဖက် အကျိုးအမြတ်ညီညွတ်မျှတအောင် စီမံဆောင်ရွက်ပေးနိုင်ရေးလည်း လိုအပ်လျက်ရှိပါကြောင်း၊ သို့မှသာ ကြံစိုက်ပျိုးထုတ်လုပ်မှုမကျဆင်းဘဲ ကြံစိုက်တောင်သူများ၏ အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။

ပြည်တွင်းသကြားလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်တိုးမြှင့်လာစေရန်အတွက် ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်းကျင်းပခဲ့သည့် Sugar Forum မှ တင်ပြချက်အရ Re – export သကြားလက်ကျန်များအား ပြည်တွင်းသို့ ပြန်လည်ရောင်းချမှုမရှိစေရေး၊ တရားမဝင်သကြားများ ပြည်တွင်းဝင်ရောက်မှုမရှိစေရေး၊ ပြည်ပမှတင်သွင်းသည့် Import Sugar တင်သွင်းရာတွင်လည်း အမှန်တကယ်လိုအပ်ချက်ကိုသာ တင်သွင်းနိုင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများက စီမံကြီးကြပ်ဆောင်ရွက်သွားနိုင်ရေး အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း။

**ညှိနှိုင်းဆောင်ရွက်ပေးရန်**

လက်ရှိအခြေအနေအရ သကြားဈေးကျဆင်းနေခြင်း၊ သကြားလက်ကျန်များ ကျန်ရှိနေခြင်းတို့ကြောင့် ယခုကြံကြိတ်ဝါးရာသီတွင် ယခင်နှစ်ကြံဈေးနှုန်းထက် တစ်တန်လျှင် ငွေကျပ် ၂၀၀၀ မှ ငွေကျပ် ၅၀၀၀ အထိ လျှော့ချဝယ်ယူနေသည့်အတွက် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ သကြားစက်ရုံပိုင်ရှင်နှင့် တောင်သူများအကြား ညှိနှိုင်းဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်း။

မွေးမြူရေးကဏ္ဍတွင် ရေထွက်ပစ္စည်းနှင့် ငါး၊ ပုစွန်မွေးမြူရေးကဏ္ဍသည် လက်ရှိအခြေအနေတွင် အလားအလာကောင်းများရှိနေပါကြောင်း၊ ရေထွက်ပစ္စည်းများတင်ပို့မှုတွင် တိုးတက်မှုရှိသည်ကို တွေ့ရပါကြောင်း၊ မြန်မာ့ရေထွက်ပစ္စည်းများကို လက်ရှိတွင် နိုင်ငံပေါင်း ၄၀ ကျော်ကို တင်ပို့လျက်ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ်မှစ၍ EU ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ခဲ့ရာလက်ရှိကာလအထိ ငါး၊ ပုစွန်ပြုပြင်စက်ရုံ ၂၅ ရုံမှ ထုတ်လုပ်သော ရေထွက်ပစ္စည်းများကို တင်ပို့လျက်ရှိပါကြောင်း။

အမျိုးသားအဆင့်ဓာတ်ကြွင်းထိန်းချုပ်မှုအစီအမံ (National Residue Monitoring Plan (NRMP)) ကို ၂၀၁၄–၂၀၁၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး (NRMP)တွင် ပါဝင်ဆောင်ရွက်ခဲ့သည့်စက်ရုံ ၁၇ ရုံမှ မွေးမြူရေးရေထွက်ကုန်များကိုလည်း တင်ပို့ခွင့်ရရှိပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာနိုင်ငံများမှ သတ်မှတ်ထားသော စည်းမျဉ်းများနှင့် စံချိန်စံညွှန်းကိုက်ညီစေရေးအတွက်လည်း ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် လိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ငါး၊ ပုစွန်ကဏ္ဍဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ပို့ကုန်များကို တန်ဖိုးမြှင့်တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

**○ မွေးမြူရေးကဏ္ဍတွင် ရေထွက်ပစ္စည်းနှင့် ငါး၊ ပုစွန်မွေးမြူရေးကဏ္ဍသည် လက်ရှိအခြေအနေတွင် အလားအလာကောင်းများ ရှိနေ။**

**○ ရေထွက်ပစ္စည်းများ တင်ပို့မှုတွင် တိုးတက်မှုရှိသည်ကို တွေ့ရ။**

**○ မြန်မာ့ရေထွက်ပစ္စည်းများကို လက်ရှိတွင် နိုင်ငံပေါင်း ၄၀ ကျော်ကို တင်ပို့လျက်ရှိ။**

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားစေခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှုလျှော့ချနိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ (ငါးကဏ္ဍ) စီမံကိန်းကို ကျေးရွာတစ်ရွာလျှင် ငွေကျပ်သန်း ၃၀ စီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တောင်သူလယ်သမားများ၏ အခွင့်အရေးနှင့်အကျိုးစီးပွားဖြစ်ထွန်းနိုင်စေရန်နှင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေတွင် ဥပဒေ၏ အားနည်းချက်များကို သုံးသပ်၍ ခေတ်ကာလနှင့်လျော်ညီစွာ ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းနိုင်စေရန်အတွက် ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်ခဲ့ရာ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ လွှတ်တော်နှစ်ရပ်၏ သဘောထားကွဲလွဲမှုရှိသည့် ဥပဒေပုဒ်မပေါင်း ကိုးခုအတွက် ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီတွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ရာ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးအတည်ပြုပြီးပါက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေအား မကြာမီကာလတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ပါကြောင်း။

**ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိ**

ယနေ့ကမ္ဘာတွင် ပြောင်းလဲဖြစ်ပေါ်နေသော ရာသီဥတုဖြစ်စဉ်များအရ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ မိုးရွာသွန်းမှုပုံစံမမှန်ခြင်း အစရှိသည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို နှစ်စဉ်စီမံချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ရန်ပုံငွေမှလည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အရေးပေါ်ရန်ပုံငွေမှလည်းကောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၏ ရည်ရွယ်ချက်တစ်ရပ်ဖြစ်သည့် “သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံးအထောက်အကူပြုပံ့ပိုးရန်” ဟု ပြဋ္ဌာန်းပါရှိသည့် အားလျော်စွာ သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူလယ်သမားများအား နှစ်စဉ်ပံ့ပိုးကူညီဆောင်ရွက်ခဲ့ရာ ပြီးခဲ့သည့် ၂၀၁၈–၂၀၁၉ ခုနှစ်အတွင်း သီးနှံပျက်စီးဧက ၃၇၉၉၆၄ ဒသမ ၁၄ ဧကအတွက် အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၇၃၂၂ ဒသမ ၆၈၅၇ သန်းကို တောင်သူများထံ ပေးအပ်ခဲ့ပြီး သီးနှံပျက်စီးဧက ၃၀၂၃၁၅ ဧကအတွက် အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၃၀၂၀ ဒသမ ၁၅၀ သန်းကို တောင်သူများထံသို့ ပေးအပ်နေဆဲဖြစ်ပါကြောင်း။

၂၀၁၉–၂၀၂၀ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးမှုများကို အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ကူညီပေးရန်အတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တောင်သူလယ်သမားများ၏အကျိုးစီးပွားကို မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်တစ်ခုတည်းကသာမကဘဲ ဦးဆောင်အဖွဲ့မှ အမိန့်ထုတ်ပြန် ဖွဲ့စည်းပေးပြီးဖြစ်သည့် “လုပ်ငန်းကော်မတီများ”၊ “လုပ်ငန်းအဖွဲ့များ” အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပါ ပူးပေါင်းပါဝင်စေလျက် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဦးဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများက ဌာနအလိုက်ဆောင်ရွက်လျက်ရှိသည့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအတွက် ရေတိုရေရှည်ဆောင်ရွက်ရန် အကြံပြုချက်များ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အခြေခံရည်ညွှန်းစပါးဈေးနှုန်းဖြင့် စပါးဝယ်ယူရေးအတွက် စီစဉ်ဆောင်ရွက်ထားသည့် လုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတွင် အထွက်နှုန်းတိုးတက်ရေး၊ ဈေးကောင်းရရှိရေး၊ သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရေး၊ တားဆီးကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ စီမံချက်များရေးဆွဲဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ ဒေသအလိုက်ဆောင်ရွက်ပေးရန် လိုအပ်ချက်များနှင့် အခက်အခဲများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးတင်ပြချက်နှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်များနှင့် ဆုံးဖြတ်ရန် အချက်များအား ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက်တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ စုံညီအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာဦးအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

(၂၀)ကြိမ်မြောက်
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်
နီးနှောဖလှယ်ပွဲ
(၁၂ - ၁၃.၁၂.၂၀၁၉) နေပြည်တော်

❂ ကျောဖုံးမှ

ပိုမိုသင့်လျော်သောကြောင့် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး**က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ မည်မျှအရေးကြီးကြောင်းကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ယခုပြင်ဆင်ရေးအတွက် ဥပဒေမူကြမ်းတစ်ရပ်ရရှိရန် ပူးပေါင်းကော်မတီက လွှတ်တော်ဖွင့်ရက်နှင့် နားရက်များတွင်လည်း မနားဘဲ စုပေါင်း၍ဆောင်ရွက်နေခြင်းကို လွှတ်တော်ကိုယ်စားလှယ်အားလုံး အသိပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အနာဂတ်အရေးကို မြော်တွေးပြီး အပင်ပန်းခံဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကိုရှေးရှု၍ အကောင်းဆုံးသော အကြံပြုချက်များကိုရယူပြီး မည်သို့ပြင်ဆင်ကြမည်ကို လုပ်ဆောင်ရမည့်အချိန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပေးထားသည့် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အကြံပြုချက်သည် အလွန်သင့်မြတ်သည့် အကြံပြုချက်ဖြစ်သည့်အတွက် ထိုအကြံပြုချက်ကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခိုင်မာသည့်အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်စေရန် ရည်ရွယ်

**တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချစ်ညီညီ**က ဦးစိုင်းသန်းနိုင် တင်သွင်းထားသော ဥပဒေမူကြမ်းကို လေ့လာကြည့်ပါက ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၊ ပုဒ်မ ၅၉ ပုဒ်မခွဲ (ဂ)နှင့် ပုဒ်မ ၂၀၁ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ)တို့အနက်မှ ပုဒ်မ ၂၀၁ ကို ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)ပါ နိုင်ငံတော်အခြေခံမူများနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခိုင်မာသည့် အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်စေရန် ရည်ရွယ်ကြောင်း၊ အကျိုးအကြောင်း ဖော်ပြချက်အနေဖြင့် နိုင်ငံတော်သမ္မတမှ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်ထုတ်ပြန်ရာတွင် အုပ်ချုပ်ရေးကဏ္ဍနှင့် ဥပဒေပြုရေးကဏ္ဍ အပြန်အလှန်ထိန်းကျောင်းမှုဆောင်ရွက်ရာ၌ သမ္မတစနစ် ပိုမိုပီပြင်စေရန်၊ သမ္မတက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ထောက်ခံချက်ဖြင့် လွှတ်တော်အား ဖျက်သိမ်းနိုင်သည့် အခွင့်အရေးကိုရရှိစေရန် ပြင်ဆင်ထားခြင်းဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ တွေ့ကြုံခဲ့ရသည့် သမိုင်းသင်ခန်းစာများအရ လည်းကောင်း၊ လက်ရှိဖြစ်ပွားနေသော မြန်မာနိုင်ငံ၏ လုံခြုံရေးအခြေအနေအရ လည်းကောင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် စည်းလုံးတက်ကြွ၍ လျင်မြန်စွာဆောင်ရွက်ရမည့်အချိန်သို့ ရောက်ရှိနေပြီဖြစ်သောကြောင့် ပုဒ်မ ၂၀၁ ပြင်ဆင်ခြင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း အခန်း (၁၂)ပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောလျင်စွာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာအပေါ် ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်နှင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါ်ထုမေ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲထွန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထွန်းအောင်၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်တင်မာဆွေ၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်မြင့်မြင့်နွယ်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်နိုင်ဦး၊ ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမောင်မောင်လတ်တို့က ဆက်လက်ဆွေးနွေးကြသည်။


ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က **ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်း**ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း



ထီးလင်းမဲဆန္ဒနယ်မှ
ဦးမြတ်လေးဦး



ဝေါမဲဆန္ဒနယ်မှ
ဦးတင်ထွေး



တပ်မတော်သား လွှတ်တော်
ကိုယ်စားလှယ် ဗိုလ်မှူးချစ်ညီညီ

ထို့နောက် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်စန်းချစ် အပါအဝင် **တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦး တင်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းနှင့်စပ်လျဉ်းသည့် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက မိမိတို့ပူးပေါင်းကော်မတီအနေဖြင့် သီးခြားရှင်းလင်းတင်ပြရန် မရှိပါကြောင်း၊ ပူးပေါင်းကော်မတီဝင်အများစု၏ သဘောထားဆန္ဒနှင့် ပူးပေါင်းကော်မတီဝင် ၃ ဦးက သီးခြားအကြံပြုတင်ပြထားသည့်အချက်ကိုလည်း အစီရင်ခံစာတွင် ပြည့်စုံစွာ ထည့်သွင်းဖော်ပြပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုပေးနိုင်ရန်အတွက် လေးစားစွာ အဆိုပြုတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်အစည်းအဝေးများတွင် ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်များအရ အကြောင်းအရာနှင့် လုပ်ငန်းစဉ်အပေါ်မူတည်ပြီး ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ အဆုံးအဖြတ် ရယူခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်၏အဆုံးအဖြတ်ရယူရမည့် ကိစ္စရပ်တစ်ခုအတွက် မဲခွဲဆုံးဖြတ်သည့်လုပ်ငန်းစဉ်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပြောကြားလိုပါကြောင်း၊ ထို့ကြောင့် အဆိုပါပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို စက်ခလုတ်အသုံးပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထောက်ခံဆန္ဒမဲများပါက ယင်းအစီရင်ခံစာကို လွှတ်တော်က သဘောတူအတည်ပြုမည်ဖြစ်ပြီး ကန့်ကွက်ဆန္ဒမဲများပါက အတည်မပြုကြောင်း ကြေညာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၃၄၇ မဲ၊ ကန့်ကွက်မဲ ၁၉၇ မဲ၊ ကြားနေမဲ ၄ မဲဖြစ်သဖြင့် ထောက်ခံမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## Toyota Landcruiser (Bullet Proof) မော်တော်ယာဉ် ၆ စီးတင်သွင်းရာတွင် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရရှိရေးကိစ္စနှင့်စပ်လျဉ်း၍ ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော **Toyota Landcruiser (Bullet Proof) မော်တော်ယာဉ် ၆ စီးတင်သွင်းရာတွင် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရရှိရေးကိစ္စ**နှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်နှင့်စပ်လျဉ်း၍ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ၉၊ ပုဒ်မခွဲ(ခ)တွင် **ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကျသင့်သော အထူးကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်**ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ၁၄၊ ပုဒ်မခွဲ(က)ပါ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်များနှင့်စပ်လျဉ်း၍ အမှတ်စဉ် (၄၁)တွင် **နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ**ဟု ပြဋ္ဌာန်းထားပါကြောင်း။

သို့ဖြစ်၍ ယင်းပြဋ္ဌာန်းချက်များနှင့်အညီ အဆိုပါမော်တော်ယာဉ် ၆ စီးအတွက် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရရှိရေးအတွက် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သော (၁၅/၂၀၁၉) ကြိမ်မြောက် ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီအစည်းအဝေး၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်တွင် ကျင်းပပြုလုပ်သော (၂၂/၂၀၁၉)ကြိမ်မြောက် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတို့သို့ တင်ပြခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဝယ်ယူမည့် Toyota Landcruiser (Bullet Proof) မော်တော်ယာဉ် ၆ စီး ဝယ်ယူတင်သွင်းရာတွင် ကျသင့်မည့် အထူးကုန်စည်ခွန် အမေရိကန်ဒေါ်လာ (၃ ဒသမ ၆၇၉၆) သိန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် အမေရိကန်ဒေါ်လာ (၀ ဒသမ ၅၅၁၉) သိန်းတို့ကို ကင်းလွတ်ခွင့်ရရှိနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၁ ပုဒ်မခွဲ(က) ၏ နောက်ဆက်တွဲဇယား(၁) အမှတ်စဉ် (၉)ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ဒီဇင်ဘာ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**






ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်ကို ကြိုဆိုဂုဏ်ပြုပါ၏

# တက္ကသိုလ်ဒိုင်ယာရီ

ခင်မေခ(၁၉၈၁-၈၂)-(၁၉၈၄-၈၅)

(ယမန်နေ့မှအဆက်)

ကျွန်မတို့အဆောင်တွေထဲမှာ RC လိုနားနေအခန်းတွေရှိပါတယ်။ စာသင်ဆောင်တွေရဲ့ အခန်းထောင့်တစ်ခုမှာ နားနေဆောင်လိုလုပ်ပေးထားပါတယ်။ တက္ကသိုလ်ကျောင်းသူပီပီ အရွယ်ကလည်းငယ်သေးတော့ အတော်လှချင်ကြတာပေါ့။ အဲဒီအခန်းတွေရောက်တာနဲ့ ကျွန်မတို့က အလှပြင်ကြပါတယ်။ အရင်ခေတ်ကတော့ အခုလိုမျိုး အလှပြင်ပစ္စည်းတွေမစုံသေးပါဘူး။ ဒေါ်သီသနပ်ခါးမှုန့်ကို ဘူးလေးနဲ့ထည့်လာပြီးတော့ တို့ပတ်ကလေးပါ ပါပါတယ်။ အဲဒါနဲ့ မျက်နှာကိုရိုက်တော့တာပါပဲ။ ကျွန်မတို့ခေတ်ကတော့ အာချီ ဒါမှမဟုတ် ပရိုမီနာလိမ်းတဲ့ ခေတ်ပါပဲ။ မျက်ခုံးမွေးဆွဲတာတွေ၊ မျက်တောင်ကော့တာတွေ၊ အခုလိုလည်း အလှအပတွေ မလုပ်တတ်ကြပါဘူး။ အာချီလိမ်းမယ် ဒါမှမဟုတ် ပရိုမီနာလိမ်းမယ်။ ပြီးရင် အပေါ်ကနေ သနပ်ခါးလူးမယ်။ ပြီးရင် နှုတ်ခမ်းနီဆိုးမယ်။ နှုတ်ခမ်းနီကိုလည်း ကျွန်မတို့ခေတ်က ထင်ရှားတဲ့၊ အသုံးများတဲ့၊ ပေါ်ပြူလာဖြစ်တဲ့ နှုတ်ခမ်းနီကတော့ Domas 27 ပါ။ ကွမ်းတံတွေးရောင်ပါ။ အဲဒီအရောင် နှုတ်ခမ်းနီဆိုးရင် အပေါ်လွင်၊ အထင်ရှားဆုံးဖြစ်သွားတာပါပဲ။

## အရိပ်အာဝါသကောင်း

ကျွန်မတို့သူငယ်ချင်းတွေကတော့ တစ်ခါတလေ အချင်းချင်းနောက်ကြ၊ ပြောင်ကြပါတယ်။ ဆံပင်ညှပ်ပြီး ခါစဆိုရင် ဆံပင်တွေက ပုံမကျတတ်ပါဘူး။ ဆံပင်ညှပ်ပြီးတက်လာတဲ့ သူငယ်ချင်းတွေကို ကေပုတ်လို့ ခေါ်တတ်သလို မျက်နှာမှာ ဒေါ်သီသနပ်ခါးအဖွေးသားနဲ့ဆိုရင်လည်း ဟယ်.....မျက်နှာဖုံးစွပ်လာတယ်ဟေ့...... လည်ပင်းကတော့မည်းနေတာပဲ၊ မျက်နှာဖုံးဆိုပြီး စကြပါတယ်။ ကျွန်မတို့ တက္ကသိုလ်ကျောင်းကြီးဟာ အရင်တုန်းက အခုလိုခြံစည်းရိုးတွေနဲ့ အကန့်အသတ်ခွဲမထားပါဘူး။ တစ်ဆောင်နဲ့တစ်ဆောင်၊ တစ်ဘာသာနဲ့တစ်ဘာသာ၊ တစ်ဌာနနဲ့တစ်ဌာန လွယ်လင့်တကူ ကူးဖြတ်နိုင်ကြပါတယ်။ လွယ်လင့်တကူလည်း သွားလာနိုင်ပါတယ်။ ကွေ့ပတ်ပြီး သွားစရာမလိုပါဘူး။ လမ်းသွယ်တွေ၊ လမ်းမြှောင်တွေ၊ ကျော်ခွပြီးသွားရမယ့်နေရာတွေ အများကြီးရှိပါတယ်။ စွယ်တော်ပင်တွေ၊ ကံ့ကော်ပင်တွေ၊ ရေတမာပင်တွေနဲ့ သစ်ပုပ်ပင်ကြီး စိမ်းစိမ်းစိုစိုနဲ့ တက္ကသိုလ်ဝင်းကြီးထဲမှာ ဘယ်နေရာသွားသွား အရိပ်အာဝါသကောင်းပါတယ်။ ကျွန်မတို့ရဲ့ ဘေးချင်းကပ်လျက်မှာ ခြံစည်းရိုးလေးမရှိ တရှိ ရှိပါတယ်။ ဒါပေမယ့် ကျောင်းဝင်ပေါက်ကနေ ဘယ်သူမှ မသွားကြပါဘူး။ အင်းလျားကန်ဘက်ပြေးသွားရင် မလွယ်ပေါက်ကနေထွက်ပြီးတော့ ပြေးသွားလိုက်ကြတာပါပဲ။

ကျွန်မတို့အဖွဲ့ဟာ ဒေသကောလိပ်မှာ နှစ်နှစ်တက်ပြီးတော့ ရန်ကုန်တက္ကသိုလ်ထဲမှာ နှစ်နှစ်တက်ရတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီ Compound ကြီးထဲမှာ စီးပွားရေးဘာသာရပ်ပဲဖြစ်ဖြစ်၊ ဝိဇ္ဇာဘာသာရပ်ပဲဖြစ်ဖြစ်၊ သိပ္ပံဘာသာရပ်ပဲဖြစ်ဖြစ်၊ နည်းပညာတွေပဲဖြစ်ဖြစ် ဒီအဝန်းအဝိုင်းကြီးထဲမှာ တစည်းတလုံးတည်း ပညာရင်နို့ သောက်စို့ခဲ့ရတာပဲဖြစ်



ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းမကြီး။

## ရိုးရှင်းစွာလှပ

ကျွန်မတို့အဆောင်ဘေးနားမှာ အမြဲလာရောင်းတဲ့ ဝက်သားတုတ်ထိုးသည် ရှိပါတယ်။ ကျွန်မတို့မှတ်မိပါတယ်။ နာမည်ကတော့ နဂါးလေး အူစုံ၊ အသည်းစုံပါ။ ဝက်သားတုတ်ထိုးသည်က ခြင်းကြီးနဲ့လာချရောင်းတဲ့အခါ ကျွန်မတို့ကျောင်းသူတွေကလည်း အလုအယက်စားကြပါတယ်။ ထမင်းစားချိန်ဆိုရင် ဝက်သားတုတ်ထိုးသည်နားမှာ သွားပြီးတော့ စားကြတယ်။ အဲဒီတုန်းက ဝက်သားတုတ်ထိုးတစ်ချောင်းမှ တစ်မတ်ပဲပေးရပါတယ်။ အဲဒီအချိန်မှာ အုပ်စုလိုက် ဝက်သားတုတ်ထိုးသည်ကို ဝိုင်းလိုက်ပြီးတော့ စားကြပါတယ်။ တုတ်တွေကို အောက်ချတဲ့သူက ချတယ်။ အပေါ်တင်တဲ့သူက တင်တယ်။ အောက်ချတာက တစ်ဝက်၊ အပေါ်တင်တာက တစ်ဝက်နဲ့ လုပ်ကြပါတယ်။ ကျွန်မတို့အုပ်စုလာရင် ဝက်သားတုတ်ထိုးသည်ကြီးလည်း လက်မလည်အောင်ရောင်းရပါတယ်။ လှီးရ၊ ချွတ်ရ၊ တုတ်ထိုးရနဲ့ပေါ့။ ကျွန်မတို့အုပ်စုကလည်း အတိုင်အဖောက်ညီညီ စားကြတယ်(ပြောရမှာပေါ့လေ)။ ဒါပေမယ့် ဝက်သားတုတ်ထိုးသည်ကတော့ အရင်းမပြုတ်ပါဘူး။ တဖြည်းဖြည်းလက်စွပ်ကနေ ဆွဲကြိုး၊ ဆွဲကြိုးကနေ ဟန်းချိန်းနဲ့ ကျွန်မတို့ကျောင်းသူတွေရဲ့အားပေးမှုနဲ့ သူလည်းစီးပွားတက်လာပါတယ်။ အဲဒီတုန်းက အင်းလျားကန်ဟာ အခုလိုစားသောက်ဆိုင်တွေနဲ့ စည်ကားမနေပါဘူး။ အင်းလျားကန်ကြီးဟာ သဘာဝအတိုင်း ရိုးရှင်းစွာလှပနေပါတယ်။ အင်းလျားကန်ကြီးရဲ့ ထောင့်လေးမှာ သစ်ပင်ကြီးရှိပါတယ်။ အဲဒီသစ်ပင်ကြီးနားမှာကြော်တဲ့ အကြော်ဆိုင်တစ်ဆိုင်၊ နှစ်ဆိုင်လောက်ပဲရှိပါတယ်။ ကျွန်မတို့ သူငယ်ချင်းတွေ စုရပ်ကတော့ ဒီအကြော်ဆိုင်မှာပါပဲ။ အကြော်တစ်ပွဲ ငါးမူးဆိုရင် အကြော်စုံစားရပါတယ်။ အချဉ်ရည်နဲ့ ပါလာတဲ့ထမင်းဘူးဖွင့်ပြီးတော့စားကြပါတယ်။ တစ်နေ့မှ မုန့်ဖိုးငါးကျပ်ရပါတယ်။ ကျွန်မတို့က မိဘမုန့်ဖိုးပေးတာလောက်နဲ့ နေ့စဉ်ကျောင်းတက်ရတာ ဖြစ်ပါတယ်။ အဆောင်နေတဲ့ကျောင်းသူတွေပါသလို မာလာဆောင်ဘက်ကိုလည်း ကျွန်မတို့က ခြေဦးလှည့်သွားကြပါတယ်။ အဆောင်ထမင်းလည်း ခိုးစားဖူးသလို ကျွန်မတို့ဆီက ထမင်းလည်း ကျွန်မတို့အဆောင်သူငယ်ချင်းတွေက စားရပါတယ်။

## လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးထား

ကျွန်မတို့ တက္ကသိုလ်ကျောင်းသူတွေအနေနဲ့ ငယ်ကျင့်တွေမပျောက်ကြပါဘူး။ ဆရာ ဆရာမတွေအပေါ်မှာ ချစ်တယ်၊ လေးစားတယ်၊ ကြည်ညိုတယ်။ ကျွန်မတို့ဆရာ ဆရာမတွေထဲမှာ Government Account သင်တဲ့ ဆရာမလေးက အလွန်ချစ်ဖို့ကောင်းပါတယ်။ ဆရာမလေးက အလွန်အေးဆေးတည်ငြိမ်ပြီးတော့ အပျိုကြီးလည်း ဖြစ်ပါတယ်။ ကျွန်မတို့က ဆရာမလေးကို ချစ်တဲ့အခါ ကျောင်းမှာရှိတဲ့ဆရာလူပျိုကြီးနဲ့ ကျွန်မတို့စိတ်ထဲမှာ ပေးစားထားကြပါတယ်။ ဒါတွေဟာ ချစ်တဲ့စိတ်နဲ့ ဆရာမတွေအပေါ်မှာ တပည့်တွေက ကိုယ်ချစ်တဲ့သူကို ကိုယ်ချစ်တဲ့သူနဲ့ပဲ ညားစေချင်ကြပါတယ်။ ဒါပေမယ့်လည်း ဆရာနဲ့ ဆရာမက ဖူးစာမဆုံခဲ့ကြပါဘူး။ ကျွန်မတို့တက္ကသိုလ်မှာ ကျွန်မတို့ဆရာတွေက အသင်အပြတွေလည်း ကောင်းကြပါတယ်။ ရှင်းပြတာတွေလည်း ကောင်းကြတယ်။ ကျွန်မတို့နားမလည်တဲ့ဘာသာရပ်တွေဆိုရင် ဆရာ ဆရာမတွေ နားနေတဲ့အခန်းအထိ သွားရောက်မေးမြန်းလို့ရပါတယ်။ ကျွန်မတို့ဆရာတစ်ယောက်ဆိုရင် အသင်အပြကောင်းလွန်းလို့ ကျောင်းသားတော်တော်များများက ဆရာသင်တဲ့အခန်းကိုပဲ လိုက်တက်ပြီးတော့ အတင်းမရမက ခုံကိုဦးပြီးတော့ လိုက်တက်ကြပါတယ်။ ဒိုင်ပင်လျှောထိုးပြီးတော့လည်း ခုံကိုဦးရပါတယ်။ ဒါ ကျွန်မတို့တက္ကသိုလ်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ကိစ္စတွေပေါ့။ ကိုယ့်ဘာသာရပ်မှာ၊ ကိုယ့်အတန်းမှာ ကိုယ်သင်ရမယ့်ဆရာကိုမကြိုက်ရင် မသင်လို့ရပါတယ်။ အခြားအခန်းကဆရာ့ဆီမှာလည်း သွားတက်လို့ရပါတယ်။ ဒါလည်း မိမိရဲ့ ကိုယ်ပိုင်ရွေးချယ်ခွင့်ဖြစ်ပါတယ်။ ဒါကလည်း တက္ကသိုလ်ကျောင်းရဲ့ အုပ်ချုပ်သူတွေက တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေကို လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးထားတာဖြစ်ပါတယ်။ ကိုယ်မတက်ချင်တဲ့အတန်းကို မတက်လို့ရတယ်။ မသင်ချင် မသင်လို့ရတယ်။ သို့သော်လည်း ပြန်ပြီးတော့ ထိန်းချုပ်ထားတာတစ်ခုကတော့ Roll Call ပါ။ Roll Sheet မှာ လက်မှတ်ထိုးရပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ဖေးမကြတယ်။ စာမေးပွဲနီးတဲ့အခါကျတော့လည်း မိမိစာတွေကို အားကြိုးမာန်တက် ကျက်ကြရပါတယ်။

တစ်နှစ်ပတ်လုံး အစားအသောက်ဆိုလည်း ဦးယမ်းဘီလူးဆိုင်၊ ဒေါ်ပုအအေးဆိုင်၊ အီကိုကင်န်တင်း၊ ရာမညကင်န်တင်း၊ သိပ္ပံကင်န်တင်း၊ ဝိဇ္ဇာကင်န်တင်း၊ နောက်ဝတ္ထုတွေထဲက နာမည်ကျော်တဲ့ ဦးချစ်လက်ဖက်ရည်ဆိုင်ဆိုလည်း ကျွန်မတို့က ချောင်းပေါက်မတတ် သွားကြပါတယ်။ ဦးချစ်လက်ဖက်ရည်ဆိုင်က ဟိုး....ဘက် မြောက်ဖျားမှာရှိပါတယ်။ ကျွန်မတို့က တောင်ဖျားကနေ သွားသောက်တာဖြစ်ပါတယ်။ အင်းလျားကန်က အကြော်လည်းစားသလို ဦးယမ်းဘီလူးအအေးလည်း သောက်ကြပါတယ်။ မာလာဆောင်ကိုလည်း သွားပြီးတော့မွှေတတ်သလို ရွှေဘိုဆောင်က ကျောင်းသားတွေကိုလည်း အောက်ကနေ အုပ်စုလိုက်သွားပြီးတော့ ရန်ဖြစ်တတ်ပါတယ်။ ရွှေဘိုဆောင်က ကျောင်းသားတွေက ကျွန်မတို့ စီးပွားရေးတက္ကသိုလ်တက်နေတဲ့ ကျောင်းသားတွေဖြစ်ပါတယ်။ ကျွန်မတို့ အောက်ကနေပြီးတော့ တစ်ယောက်ချင်းလမ်းလျှောက်သွားရင် သူတို့ကလည်း အပေါ်ကနေပြီးတော့ စကြပါတယ်။ ဘယ်ညာ ဘယ်ညာလို့စရင် ကျွန်မတို့ကလည်း အုပ်စုလိုက်သွားပြီးတော့ ပြန်စွာကြပါတယ်။ ဒါကတော့ ကျောင်းသား ကျောင်းသူတွေရဲ့ ပျော်စရာခလေ့လေး တွေဖြစ်ပါတယ်။ စာကြည့်တိုက်လည်း သွားသလို စာကြည့်တိုက်မှာ စာအုပ်ကိုအေးဆေးမဖတ်ဘဲ ဆူညံ ဆူညံလုပ်လို့ စာကြည့်တိုက်မှူးရဲ့ တားမြစ်ခြင်းကို ခံရတာလည်း ကျွန်မတို့တစ်တွေပါပဲ။ အဝတ်အစားအသစ်လေးတွေဝတ်လာပြီဆိုရင် ဘွဲ့နှင်းသဘင်ကြီးနဲ့ ဓာတ်ပုံရိုက်လိုက်၊ သစ်ပုပ်ပင်ကြီးနဲ့ ဓာတ်ပုံရိုက်လိုက်၊ RC နဲ့ ဓာတ်ပုံရိုက်လိုက် ရိုက်တတ်တဲ့အဖွဲ့တွေပါ။ အင်းလျားကန်မှာလည်း ဓာတ်ပုံရိုက်တဲ့နေရာတွေက အနှံ့ပါပဲ။ အင်းလျားကန်ထောင့်မှာ အခေါင်းပေါက်ကြီးဖြစ်နေတဲ့ သစ်ပင်ကြီးနောက်မှာ ဝင်ဝင်ရိုက်တာ အင်မတန်လှတဲ့ ဓာတ်ပုံလေးတွေထွက်လာပါတယ်။ အဝတ်အစားအသစ်လေးဝတ်လာပြီဆိုရင် ဓာတ်ပုံတွေရိုက်တယ်။ သူငယ်ချင်းတွေစုံပြီဆိုရင် ဓာတ်ပုံရိုက်တယ်။ ကျွန်မတို့က အမျိုးစုံ ဓာတ်ပုံရိုက်ကြတဲ့အဖွဲ့တွေပါ။ ဓာတ်ပုံတွေလည်းမရွေးနိုင်လို့ ဓာတ်ပုံဆရာတွေက ခဏခဏ ကျွန်မတို့ကိုကြွေးတောင်းခြင်းခံရတဲ့အဖွဲ့လည်း ဖြစ်ပါတယ်။

## သမိုင်းဝင်ပုဂ္ဂိုလ်ကြီးတွေလည်း အများကြီးရှိ

ကျွန်မတို့အဖွဲ့ဟာ ဒေသကောလိပ်မှာ နှစ်နှစ်တက်ပြီးတော့ ရန်ကုန်တက္ကသိုလ်ထဲမှာ နှစ်နှစ်တက်ရတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီ Compound ကြီးထဲမှာ စီးပွားရေးဘာသာရပ်ပဲဖြစ်ဖြစ်၊ ဝိဇ္ဇာဘာသာရပ်ပဲဖြစ်ဖြစ်၊ သိပ္ပံဘာသာရပ်ပဲဖြစ်ဖြစ်၊ နည်းပညာတွေပဲဖြစ်ဖြစ် ဒီအဝန်းအဝိုင်းကြီးထဲမှာ တစည်းတလုံးတည်း ပညာရင်နို့ သောက်စို့ခဲ့ရတာပဲ ဖြစ်ပါတယ်။ ကျွန်မတို့တုန်းကတော့ ရန်ကုန်တက္ကသိုလ်ထဲမှာ ပါမောက္ခချုပ်ကြီး ဒေါက်တာ မောင်ဒီဆိုတာ အင်မတန်မှ နာမည်ကြီးပါတယ်။ ဆရာကြီးဟာ စည်းကမ်းရှိသလို တပည့်တွေအပေါ်မှာလည်း ချစ်ခင်မြတ်နိုးတဲ့သူ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ စီးပွားရေးတက္ကသိုလ်မှာတော့ ပါမောက္ခချုပ်ကြီးက ဒေါက်တာ ခင်မောင်ညွန့်ဖြစ်ပါတယ်။ ကျွန်မတို့တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေကိုလည်း လူငယ်တွေလို့ သတ်မှတ်ပြီးတော့ လွတ်လပ်စွာပျော်ရွှင်ခွင့်၊ စာသင်ခွင့်၊ ပညာဆည်းပူးခွင့်၊ အခြားဘာသာရပ်များ လေ့လာလိုက်စားခွင့်တွေ အများကြီးပေးထားပါတယ်။ ကျောင်းအုပ်ချုပ်သူများက စည်းကမ်းတကျ လွတ်လပ်မှုပေးထားတဲ့အတွက် ကျွန်မတို့အဖို့လည်း အင်မတန်အကျိုးရှိလှပါတယ်။ တက္ကသိုလ်ကထွက်သွားတဲ့ အနုပညာရှင်တွေ ဒုနဲ့ဒေးရှိသလို တက္ကသိုလ်ကထွက်သွားတဲ့ စာပေပညာရှင်တွေလည်း အများကြီးရှိပါတယ်။ ထင်ရှားတဲ့၊ အထင်ကရဖြစ်တဲ့ သမိုင်းဝင်ပုဂ္ဂိုလ်ကြီးတွေလည်း အများကြီးရှိပါတယ်။ တက္ကသိုလ်မှာအကြောင်းဆုံပြီးတော့ တစ်နယ်နဲ့တစ်နယ်၊ တစ်မြို့နဲ့တစ်မြို့တွေ့ကြပြီး ချစ်ကြ၊ ခင်ကြပြီး ချစ်ကြိုက်ပြီးတော့ လက်ထပ်သွားကြတဲ့ သူတွေရှိသလို နဖူးစာမင်ရည်ကျဲ လွဲခဲ့တဲ့သူတွေလည်း ဒုနှင့်ဒေးပါပဲ။ ဒါလေးတွေကလည်း အခုအချိန်မှာ ကျွန်မတို့အဖို့ ပြောစမတ်တွင်ပြီး ကျန်ခဲ့ပါတယ်။ "ဟယ်....နင်တက္ကသိုလ်တုန်းက တွဲခဲ့တဲ့ကို...ဘယ်သူနဲ့လေ ဖူးစာမဆုံဘူးနော်၊ မယူဖြစ်ဖူးနော်။ အခု ဘယ်သူနဲ့လဲ...အိမ်ထောင်ကျနေတာ"။ "ဟယ်....နင်တို့ နှစ်ယောက်နော် အခုထက်ထိရန်ဖြစ်တုန်းပဲလား၊ ကျောင်းကတည်းက ရန်ဖြစ်လာတာ၊ အခုကလေးတွေရတဲ့အထိ ရန်ဖြစ်တုန်းပဲနော်"ဆိုပြီး အခုထိ မိသားစုသိုက်သိုက်ဝန်းဝန်းရှိနေတဲ့ သူငယ်ချင်းတွေကိုလည်း တွေ့ရစမြဲ ဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့❖

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနဆိုင်ရာ တွဲဖက်ဝန်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနဆိုင်ရာ တွဲဖက်ဝန်ကြီး Ms. Indranee Rajah နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး Ms. Vanessa Chan နှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် အခြေခံအဆောက်အဦကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စင်ကာပူနိုင်ငံအခြေစိုက် Infrastructure Asia မှ ဆောင်ရွက်နေသည့် အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ(Public-Private Partnership projects) အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းပညာလိုအပ်ချက်၊ အရင်းအနှီးလိုအပ်ချက်၊ အတွေ့အကြုံလိုအပ်ချက် စသည်တို့အတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်မည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် Project Bank တည်ထောင်၍ ဆောင်ရွက်မှုများအတွက် စင်ကာပူနိုင်ငံမှ အကူအညီပေးအပ်နိုင်မည့်ကိစ္စ၊ မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု အလားအလာများအား ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန အာရှဒေသဆိုင်ရာ ဒုတိယလက်ထောက်ဝန်ကြီးနှင့် အမေရိကန်သံအမတ်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် အရှေ့တောင်အာရှဒေသဆိုင်ရာ ဒုတိယလက်ထောက်ဝန်ကြီး Mr. Robert Kaproth နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာရှယ်တို့ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန အာရှနှင့်အရှေ့တောင်အာရှဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Seth Bleiweis နှင့် အရှေ့တောင်အာရှဆိုင်ရာ ဘဏ္ဍာရေးသံမှူး Mr. Matthew Mohlenkamp တို့လိုက်ပါခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

သတင်းစဉ်

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၅

| | | |
|---|---|---|
| ဟားခါး | ၃ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၆ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၆ | ဒီဂရီစင်တီဂရိတ် |
| တွန်းဇံ | ၇ | ဒီဂရီစင်တီဂရိတ် |
| ရမ်ကလေင်း | ၇ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၇ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၈ | ဒီဂရီစင်တီဂရိတ် |
| မင်းတပ် | ၈ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၈ | ဒီဂရီစင်တီဂရိတ် |

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း စင်ကာပူနိုင်ငံဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနဆိုင်ရာတွဲဖက်ဝန်ကြီးအား ညစာစားပွဲဖြင့် တည်ခင်း

**နေပြည်တော် ဒီဇင်ဘာ ၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော စင်ကာပူနိုင်ငံဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနဆိုင်ရာ တွဲဖက်ဝန်ကြီး Ms. Indranee Rajah အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ M. Galleryby Sofitel ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**တက်ရောက်**

အဆိုပါညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းရဲပိုင်ဟိန်းတို့ တက်ရောက်ကြသည်။

သတင်းစဉ်



❖ စာမျက်နှာ ၆ မှ

ကျွန်မတို့ကျောင်းပြီးတဲ့အချိန်မှာ၊ ဘွဲ့ယူတဲ့အခါမှာ ကျွန်မတို့မြန်မာလူမျိုးတွေဟာ နိုင်ငံခြားသားတွေနဲ့ မတူပါဘူး။ ဘွဲ့ယူဖို့ကို Rehearsal မှာတစ်မျိုး၊ ဘွဲ့ယူတဲ့နေ့မှာတစ်မျိုး ပြင်ကြဆင်ကြပါတယ်။ မိတ်ကပ်ဆရာအပ်ရ၊ ဓာတ်ပုံဆရာအပ်ရ၊ ဝတ်ရမယ့်ဝတ်စုံရွေးရနဲ့ အစွမ်းကုန် ကိုယ်တတ်နိုင်သမျှ ပြင်ဆင်ခြယ်သပြီးတော့ ဘွဲ့တက်ယူကြတာ ဖြစ်ပါတယ်။ သူများနိုင်ငံမှာတော့ ခေါင်းလေးတစ်ချက်ဖြီးပြီး ဘွဲ့ဝတ်စုံလေးခြုံလိုက်ပြီးတော့ လာယူကြတာမျိုးတွေကို ရုပ်ရှင်ထဲမှာအများကြီး တွေ့ဖူးပါတယ်။ ကျွန်မတို့ကတော့ မဟုတ်ပါဘူး။ အစမ်းလေ့ကျင့်ပွဲမှာလည်း ပေါ်သမျှ၊ ဆန်းသမျှ ဆန်းပေ့ဆိုတာတွေကိုချုပ်၊ အကောင်းဆုံးမိတ်ကပ်ဆရာနဲ့အပ်ပြီးတော့ ပြင်ကြဆင်ကြသလို ဘွဲ့ယူတဲ့အချိန်မှာလည်း ဘွဲ့ဝတ်စုံရဲ့ တာက ရုံတာပဲ။ အောက်ကချိတ်ဖြစ်ဖြစ်၊ ဇင်းမယ်ဖြစ်ဖြစ်၊ ရွှေတစ်ဆုပ်ဖြစ်ဖြစ် ဝတ်ပြီးတော့ ဆံထုံး ဒါမှမဟုတ် ဆံပင်ချပြီး ဦးထုပ်ဆောင်းတဲ့သူကဆောင်း၊ ဆံထုံးထုံးတဲ့သူကထုံး၊ ပန်းပန်တဲ့သူကပန်၊ လည်ဆွဲအမျိုးမျိုး၊ လုံချည်အမျိုးမျိုး ဝတ်ဆင်ပြီးတော့ ကျွန်မတို့က ဘွဲ့ယူကြတာပါ။ အနောက်က မိဘတွေကလည်း အုံနဲ့ကျင်းနဲ့ပါပဲ။ စာပေးစာယူဘွဲ့သမားတွေဆိုရင် ပိုဆိုးပါတယ်။ အိမ်ထောင်သည်တွေများတဲ့အတွက် သားသမီးတွေပါပါလာပြီးတော့ မိဘတွေပါ တစ်အုပ်တစ်မကြီး ထမင်းချိုင့်တွေနဲ့ ဘွဲ့နှင်းသဘင်ခန်းမရှေ့၊ သစ်ပုပ်ပင်ရှေ့တွေမှာ တွေ့ကြရမှာဖြစ်ပါတယ်။

ကျွန်မဘွဲ့ယူတုန်းကလည်း အမေက ဇင်းမယ်လုံချည်နဲ့ အပေါ်ကဖော့ရှန်အဖြူ၊ ဆွဲကြိုးနဲ့ စိုက်ဘီးနဲ့ အမေ့ကို ဆင်ပါတယ်။ အမေကတော့ အင်မတန်အေးပါတယ်။ ရှန်သားအင်္ကျီနဲ့ ပါတိတ်လုံချည်သာ အေးအေးလူလူဝတ်တတ်ပါတယ်။ သမီးဘွဲ့ယူမယ်ဆိုတော့ အမေလည်း ပြင်ရဆင်ရပါတယ်။ သဇင်ပန်းတွေပန်ပြီးတော့ မျက်နှာမှာ သနပ်ခါးအဖွေးသားနဲ့ ရွှေတွဲလဲ၊ ငွေတွဲလဲနဲ့ အမေဟာ မကိုင်ဖူးတဲ့ပိုက်ဆံအိတ်ကိုလည်း လက်မှာချိတ်ထားပြီးတော့ မနေတတ်ဖြစ်နေပါတယ်။ အမေဟာ အဲဒီအချိန်မှာ သွားအံကပ်တပ်ထားလို့လည်း ပါးစပ်က လှုပ်စိလှုပ်စိနဲ့ မနေတတ်ဖြစ်နေပါတယ်။ အဲဒီတော့ အံကပ်ကြီးနဲ့အမေ့ကို စိတ်ကူးထဲမှာသာ မြင်ကြည့်ကြပါတော့။ အမေ့မှာ သမီးဓာတ်ပုံရိုက်လည်း ဘေးမှာရပ်ရ၊ ဘွဲ့နှင်းသဘင်ခန်းမထဲမှာ ထိုင်ရတာလည်း ပူကပူ၊ အိုက်ကအိုက်နဲ့ ဘွဲ့ယူတဲ့သူတွေ ကုန်အောင်စောင့်ရဆိုတော့ အပြင်ရောက်တော့ အမေမနေနိုင်တော့ပါဘူး။ ကျွန်မတို့က အမေ့ပျောက်လို့ရှာတဲ့အခါမှာ အမေကထဘီကို ခါးမှာမြဲမြဲချည်ပြီး အပင်အောက်ကိုသွားပြီးတော့ အိတ်ထဲကထွက်လာတဲ့ ကျားပျံမကောက်ဆေးလိပ်ကြီးကို ထုတ် မီးညှိပြီးဖွာနေတော့တာပါပဲ။ အမေရယ် ထဘီတွေ မီးပေါက်ကုန်ပါ့မယ် မလုပ်ပါနဲ့လို့ပြောရတယ်။ ရေတမာပင်အောက်မှာ ဆေးလိပ်ထိုင်သောက်နေတဲ့ အမေ့ကို ဟိုကျောင်းသူကကြည့်၊ ဒီကျောင်းသားကကြည့်ရယ်နဲ့ ဆိုတော့ ကျွန်မလည်း ရှက်လွန်းလို့ အမေ့ဆီက ဆေးလိပ်ကို အတင်းဆွဲလုပါတယ်။ ဒါပေမယ့် ဒါဟာ ပကာသနမပါတဲ့ အမေတွေရဲ့စရိုက်ပါပဲ။ သားသမီးတွေ ဘွဲ့ယူတာကို၊ အောင်မြင်တာကို ဂုဏ်ပြုချင်တဲ့စိတ်ရယ်၊ မဝတ်မစားချင်တဲ့ အဝတ်အစားတွေဝတ်ရ၊ ပြင်ရ၊ ဆင်ရတာတွေက အမေ့အတွက်စိတ်ကျဉ်းကျပ်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် သူကြိုက်တဲ့ဆေးလိပ်ကို ပွဲပြီးတာနဲ့ ရေတမာပင်အောက်မှာထိုင်ပြီးတော့ အားရပါးရသောက်နေတဲ့အမေ့ကို အပြစ်မတင်ရက်ပါဘူး။

ဘွဲ့နှင်းသဘင်ကျင်းပတဲ့အခါမှာ စည်တော်ရှမ်းပြီး ပါမောက္ခချုပ်ကြီးနဲ့အတူ ကျွန်မတို့ဆရာ ဆရာမတွေ ကြွချီလာတာဟာ စည်တော်သံကြားတာနဲ့ ကြက်သီးဖြန်းဖြန်းထပြီး ငိုချင်သလို၊ ရယ်ချင်သလို ဖြစ်မိပါတယ်။ ပါမောက္ခချုပ်ကြီးရဲ့ “မောင်တို့မယ်တို့ ယနေ့ဟာ....” ဆိုတဲ့အစချီတဲ့ ဩဝါဒစကားဟာ မျက်လုံးထဲမှာ မျက်ရည်ကို စွတ်စိုစေပါတယ်။ ကျောင်းကြီးနဲ့ ခွဲရမှာပါလားဆိုတဲ့ အတွေးကိုလည်း ဝင်လာစေပါတယ်။ ကျွန်မတို့တက္ကသိုလ်ကျောင်းသူဘဝမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ကျောင်းရဲ့အရိပ်အာဝါသအောက်မှာ ဖြတ်သန်းခဲ့ကြရပါတယ်။ ကျွန်မကတော့ တက္ကသိုလ်လာလို့ခေါ်တဲ့ မြကျွန်းညိုညိုတက္ကသိုလ်ကြီးကိုလွမ်းရင် တက္ကသိုလ်နဲ့ပတ်သက်တဲ့သီချင်းတွေ၊ ရုပ်ရှင်တွေ၊ ဇာတ်လမ်းတွေကို အများကြီးကို နားထောင်လိုက်၊ ကြည့်လိုက်နဲ့ အလွမ်းဖြေရပါတယ်။

ဤသို့ထင်ရှားတဲ့သမိုင်းကြောင်းတွေ ခေတ်စနစ်တွေအမျိုးမျိုး ဖြတ်သန်းခဲ့တဲ့ တက္ကသိုလ်ကြီးဟာ ၂၀၂၀ ပြည့်နှစ်ဆိုရင် နှစ် ၁၀၀ ပြည့်တော့မှာ ဖြစ်ပါတယ်။ ကျွန်မတို့တစ်တွေလည်း ဤတက္ကသိုလ်ကြီးက သင်ပေးလိုက်တဲ့ ပညာရပ်တွေကို အသုံးချပြီးတော့ မိမိတို့ဘဝကို မိမိတို့ တည်ဆောက်လျှောက်လှမ်းနိုင်နေပြီ ဖြစ်ပါတယ်ရှင်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၅**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး မစ္စတာ သောမက်စ် ကာလ် နိုင်ဇင်ကာအား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ဂျာမနီနိုင်ငံမှ ကုမ္ပဏီများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နေမှုများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး၊ နည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးနိုင်ရေး၊ ဝန်ကြီးဌာနမှ လက်ရှိဆောင်ရွက်နေသော စီမံချက်များနှင့် အနာဂတ်စီမံချက်များတွင် ဂျာမနီနိုင်ငံမှ နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံများ၊ ဓာတ်မြေသြဇာ စက်ရုံများ အဆင့်မြှင့်တင်ရေးတွင် ဂျာမနီနိုင်ငံမှ ပံ့ပိုးကူညီနိုင်ရေး၊ National Renewable Energy Committee (NREC) ဖွဲ့စည်းမှုနှင့် အနာဂတ်လျှပ်စစ်စွမ်းအားထုတ်လုပ်မှုတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှု တိုးမြှင့်ရေး ရည်မှန်းချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ မူဝါဒ၊ နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍအသီးသီးတွင် စွမ်းရည်မြှင့်တင်ရေးအတွက် ပံ့ပိုးကူညီနိုင်ရန် စသည့်လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**





ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုစကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အမှာစကားပြောကြားစဉ်။

❒ ဒုတိယအကြိမ်မှ

မိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများက ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူဦးရေ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမိတ်ဖက်များသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းစဉ်များတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်ကို အသိအမှတ်ပြုပါကြောင်း၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ ဗြိတိန်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုဌာန၊ ဂျာမန်ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှုအဖွဲ့၊ ဥရောပသမဂ္ဂ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ၊ အီတလီနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဩစတြေးလျနိုင်ငံတို့အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ လူမှုအဖွဲ့အစည်းတို့က မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် စဉ်ဆက်မပြတ် အကူအညီပေးနေမှုနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက်ကိုပါ သန္နိဋ္ဌာန်ချထားမှုများအတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

### လူတစ်ဦးချင်းဝင်ငွေ တိုးတက်

ယနေ့ ကျင်းပသည့် စားပွဲဝိုင်းဆွေးနွေးပွဲသည် ထိရောက်သောဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအတွက် အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများတွင် ပုဂ္ဂလိက၊ အစိုးရ၊ ပြည်တွင်း ပြည်ပ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့်သာ အောင်မြင်မှုများ ရရှိလာခြင်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်စွာရယူနိုင်ရေး ဆောင်ရွက်ရသည့်နည်းလမ်းများ စည်းမျဉ်း၊ စည်းကမ်းများသည် သီအိုရီသဘောအရ လွယ်ကူဟန်ရှိသော်လည်း လက်တွေ့အကောင်အထည်ဖော်ရာတွင် အခက်အခဲများရှိနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ၂၀၂၀ ပြည့်နှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းအထိ ရှိနိုင်ကြောင်းကို အာရှဖွံ့ဖြိုးရေးဘဏ်က ခန့်မှန်းထားပြီး မြန်မာနိုင်ငံသည် ဒေသတွင်းတွင် အလျင်မြန်ဆုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် သတ်မှတ်ထားပါကြောင်း၊ လူတစ်ဦးချင်းဝင်ငွေမှာလည်း တိုးတက်လျက်ရှိသဖြင့် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍကြီးများကို ပြုပြင်ပြောင်းလဲခဲ့သည့် အကျိုးရလဒ်များကို ပြသရာရောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားမဟာဗျူဟာစီမံကိန်းဖြစ်သော မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ကို အကောင်အထည်ဖော်လျက်ရှိပြီး စီမံကိန်းဘဏ်၊ မြေယာဘဏ်နှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးစင်တာတို့ဖြင့် အထောက်အကူပြုလျက်ရှိကြောင်း။

MSDP ၏ လမ်းညွှန်မှုအောက်မှ နိုင်ငံ၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခဲ့ရာတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ကောင်းမွန်သည့်စီးပွားရေးဝန်းကျင်ဖြစ်အောင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ MyCo အွန်လိုင်းကုမ္ပဏီမှတ်ပုံတင်စနစ်ကို အောင်မြင်စွာထူထောင်နိုင်ခဲ့ခြင်းသည် သာဓကတစ်ခု ဖြစ်ပါကြောင်း၊ ထို့အတူ ဘဏ်တိုးနှုန်းလုပ်ငန်းဆိုင်ရာ ဖြေလျှော့ပေးမှုများ၊ အသက်အာမခံဈေးကွက်ကို ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြားသားပိုင်လုပ်ငန်းများသို့ ဆောင်ရွက်ခွင့်ပြုခြင်း၊ ပြည်ပဘဏ်များအား ဝန်ဆောင်မှုများတိုးချဲ့လုပ်ကိုင်နိုင်ရန် ခွင့်ပြုခဲ့သလို မြေယာဘဏ်စနစ်ကို ကြံဆလုပ်ဆောင်ခဲ့ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုတွင် အဓိကကျသည့် မြေရရှိရေးအတွက်လည်း ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။

**မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများတွင် ပုဂ္ဂလိက၊ အစိုးရ၊ ပြည်တွင်း ပြည်ပ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့်သာ အောင်မြင်မှုများ ရရှိလာခြင်းဖြစ်**

### ငွေကြေးထောက်ပံ့

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အစိုးရအနေဖြင့် အမျိုးသားကျန်းမာရေးစီမံချက် (၂၀၁၇-၂၀၂၁)ကို ရေးဆွဲဆောင်ရွက်ခဲ့ခြင်းကြောင့် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ယခင်ကငှက်ဖျားရောဂါဖြစ်ပွားသူ ၇၀၀၀၀၀ ရှိရာမှ ယခုအခါ ၇၅၀၀ ခန့်သာ ရှိတော့သဖြင့် ဖြစ်ပွားမှုကို ၉၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပါကြောင်း၊ ထို့အတူ HIV/AIDS ရောဂါကူးစက်သူများသို့ ဆေးဝါးဖြန့်ဖြူးပေးနိုင်မှုမှာလည်း ၂၀၁၀ ပြည့်နှစ်က ၁၄ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ယခုအခါ ၈၅ ရာခိုင်နှုန်းအထိ တိုးတက်ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကိုယ်ဝန်ဆောင်ချိန်မှ မွေးဖွားပြီး နှစ်နှစ်အထိ လူသားဘဝအစ ရက်ပေါင်း ၁၀၀၀ ကာလအတွင်း အာဟာရပညာပေးခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်း စီမံချက်ဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီး ၂၅၀၀၀၀ အား လစဉ်ငွေကြေး ထောက်ပံ့မှုပေးနိုင်ခဲ့သောကြောင့် မိခင်ကိုယ်တိုင်နှင့် ကလေး၏ ကျန်းမာရေးကိုပါ စောင့်ရှောက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ငါးနှစ်စီမံကိန်း (၂၀၁၈-၂၀၂၂) ၏ အောင်မြင်မှုများကိုလည်း ယခုအခါမြင်တွေ့နေရပြီ ဖြစ်ပါကြောင်း။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး စတင်သည့်အချိန်မှစ၍ ပထမဦးဆုံးသော ကဏ္ဍစီမံကိန်းအဖြစ် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ကို ရေးဆွဲဆောင်ရွက်နိုင်ခဲ့သဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ တိုးတက်အားကောင်းလာအောင် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ အကူအညီပေးရေးစင်တာများ၊ အခမဲ့နှစ်သိမ့်ဆွေးနွေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အမျိုးသမီးများအကြမ်းဖက်ခံရခြင်းမှ ကာကွယ်ပေးရေးဥပဒေကြမ်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ကလေးသူငယ်များအခွင့်အရေးများဆိုင်ရာ ဥပဒေကိုပြဋ္ဌာန်းနိုင်ခဲ့သဖြင့် ပဋိပက္ခအတွင်း ကလေးများအကြမ်းဖက်ခံရမှုကို ကာကွယ်မည့်လုပ်ငန်းစဉ်များ ပါဝင်ခဲ့ပါကြောင်း၊ ကျား/မ တန်းတူညီမျှရေး၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်အတွင်း အောင်မြင်မှုများနှင့်အတူ ကျွဲကူးရေပါဆိုသကဲ့သို့ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

### ဆွေးနွေး

ယင်းနောက် မြန်မာ့အမျိုးသား ဖွံ့ဖြိုးတိုးတက်မှုဦးစားပေးလုပ်ငန်းများကို အထောက်အကူပြုသည့် ပူးပေါင်းဆောင်ရွက်ရေးအကူအညီများနှင့် စပ်လျဉ်း၍ စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်များကို ဆက်လက်ကျင်းပခဲ့ရာ အစီအစဉ် (၁) အနေဖြင့် Coordinating Assistance in Support of Myanmar's National Development Priorities ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အစီအစဉ် (၂) အနေဖြင့် Mainstreaming the Myanmar Sustainable Development Plan ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သစ်တောပြုန်းတီးပျက်စီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် သစ်တောထိန်းသိမ်းခြင်း အခမ်းအနားတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၅**

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ရောက်ရှိနေသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် Feria de Madrid ရှိ Exhibition Centre ၌ ကိုရီးယားသစ်တောဌာနမှ ဦးဆောင်၍ ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာစေရေးအတွက် အထောက်အကူပြုစေသည့် သစ်တောပြုန်းတီးပျက်စီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် သစ်တောထိန်းသိမ်းခြင်း ခေါင်းစဉ်ဖြင့် ကျင်းပသည့် အခမ်းအနားသို့ တက်ရောက်သည်။



**ရာသီဥတုပြောင်းလဲမှုလျှော့ချ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးအတွက် မူဝါဒများရေးဆွဲ၍ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သကဲ့သို့ ကုလသမဂ္ဂ ကွန်ဗင်းရှင်းများ၏ သဘောတူ ဆုံးဖြတ်ချက်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောပြုန်းတီးပျက်စီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းနှင့် သစ်တောထိန်းသိမ်းခြင်းအတွက် မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေး (၁၀)နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောများ ပြန်လည်ဖြစ်ထွန်းလာမှုနှင့်အတူ ဒေသခံများ၏ လူမှုစီးပွားရေးဘဝကို မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နည်းပညာနှင့် ငွေကြေးထောက်ပံ့မှုပေးသည့် ကိုရီးယားသစ်တောဌာနကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် သစ်တောဦးစီးဌာန၏ ရေဆင်းသစ်တောသုတေသနဌာန ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော သစ်တောပြုန်းတီးပျက်စီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းနှင့် သစ်တောထိန်းသိမ်းခြင်း စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် အတွေ့အကြုံများ၊ ကမ္ဘောဒီးယားနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ၎င်းတို့၏ REDD+ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အတွေအကြုံများ၊ ရည်မှန်းချက်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် CIFOR နှင့် Wildlife Works မှ ပညာရှင်များက နိုင်ငံတကာ အတွေ့အကြုံများကို ဆွေးနွေးတင်ပြကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် နံနက်ပိုင်းတွင် Feria de Madrid ရှိ World Wide Fund for Nature (WWF) Pavilion ၌ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှ ရရှိနိုင်မည့် အခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲ၊ နယူးဇီလန်နိုင်ငံ၏ Impact of Climate Change on Pacific Blue Economies ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ၊ အင်္ဂလန်နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုနှင့် ပင်လယ်သမုဒ္ဒရာရှိ သက်ရှိအဖွဲ့အစည်းများအပေါ် အကျိုးသက်ရောက်မှုဆိုင်ရာ သုတေသနစာတမ်းများဖတ်ပွဲတို့ကို တက်ရောက်လေ့လာခဲ့သည်။

**သတင်းစဉ်**




## ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဒီဇင်ဘာ ၇ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်းဆန်းလင်း၏ ဒယ်ဒီဒက်နှင့် သဘာဝမျက်နှာဖုံးဇာတ်လမ်း၊ သူဌေးကြီး ဦးသောန၏ အမွေခံသား ရွေးချယ်ပုံအကြောင်းကို ဟာသရေးဖွဲ့ထားသော နှစ်မျက်နှာကာတွန်း၊ သဲကန္တာရ ခရီးသွားယာဉ်အဖြစ် တင်စားထားသော ကုလားအုတ်သတ္တဝါအကြောင်း ဗဟုသုတဖြစ်ဖွယ် သုတဆောင်းပါးအပါအဝင် ပုံပြင်၊ ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ ဉာဏ်စမ်း၊ ကဗျာစသည့် ဖတ်စရာ၊ မှတ်စရာများပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကုန်စည်များဆိုင်ရာ ဘုံရန်ပုံငွေအဖွဲ့၏ နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် (၃၁)ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီအစည်းအဝေးများသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အဖွဲ့သည် ဒီဇင်ဘာ ၃ ရက်မှ ၄ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ The Hague Marriott Hotel ၌ ကျင်းပသော ကုန်စည်များဆိုင်ရာ ဘုံရန်ပုံငွေအဖွဲ့၏ နှစ် (၃၀) ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အဆိုပါအဖွဲ့အစည်း၏ (၃၁) ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၃ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် The Hague Marriott Hotel ရှိ A1 Congress Hall ၌ ကျင်းပပြုလုပ်သည့် ကုန်စည်များဆိုင်ရာ ဘုံရန်ပုံငွေအဖွဲ့၏ နှစ် (၃၀) ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် (၃၁)ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီ အစည်းအဝေးဖွင့်ပွဲသို့ ကုန်စည်များဆိုင်ရာ ဘုံရန်ပုံငွေအဖွဲ့အစည်း၏ အုပ်ချုပ်မှုဆိုင်ရာ မြန်မာကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကဏ္ဍအလိုက် ဆွေးနွေးပွဲများဖြစ်သည့် ကုန်စည်ကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အတွေ့အကြုံများ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ၊ ကုန်စည်ဆိုင်ရာတန်ဖိုးကွင်းဆက်များ ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ၊ ကုန်စည်များအလိုက် ကောင်းမွန်သောအပြောင်းအလဲများဖန်တီးနိုင်ရေး၊ ရင်းနှီးမြှုပ်နှံခြင်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့် လူမှုစီးပွားရေးလုပ်ငန်းများ၏ မျှော်မှန်းချက်ဆိုင်ရာ ဆွေးနွေးပွဲများသို့ ပါဝင်တက်ရောက်ခဲ့ပြီး ညနေပိုင်းတွင် Art Museum The Hague ၌ ကုန်စည်များဆိုင်ရာ ဘုံရန်ပုံငွေအဖွဲ့အစည်း၏ ဦးဆောင်ညွှန်ကြားရေးမှူးက တည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၄ ရက်တွင် ကုန်စည်များဆိုင်ရာ ဘုံရန်ပုံငွေအဖွဲ့အစည်း၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် Mr. Parvindar Singh နှင့် သီးခြားတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် Micro Level မှစတင်၍ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက်လုံး၌ မူဝါဒပိုင်းဆိုင်ရာအပါအဝင် ချိတ်ဆက်ဆောင်ရွက်နိုင်စေရေးအတွက် ကုန်စည်များဆိုင်ရာ ဘုံရန်ပုံငွေအဖွဲ့အစည်းမှ ပေးအပ်သည့် ဘဏ္ဍာရေးအရင်းအမြစ်များနှင့် နည်းပညာအကူအညီများ တိုးတက်ရရှိစေရေးနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးနိုင်ရေးအတွက် ပံ့ပိုးကူညီပေးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကုန်စည်များဆိုင်ရာ ဘုံရန်ပုံငွေအဖွဲ့၏ (၃၁) ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီအစည်းအဝေးနှင့် စပ်လျဉ်းသည့် အစီအစဉ်များသို့ ဆက်လက်တက်ရောက်ခဲ့ပြီး အဆိုပါအဖွဲ့အစည်း၏ ဦးဆောင်ညွှန်ကြားရေးမှူးရာထူး ရွေးချယ်တင်မြှောက်ခြင်းအတွက် မြန်မာနိုင်ငံကိုယ်စားပြု၍ ပါဝင်မဲပေးခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေ ပြဋ္ဌာန်း

**မြန်မာနိုင်ငံဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့်လက်မှတ်များ ဥပဒေ**

(၂၀၁၉ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၃။ )

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်–

(က) **ဆေးပညာရပ်**ဆိုသည်မှာ အနောက်တိုင်းနည်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဆေးပညာရပ်၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာရပ်၊ သူနာပြုပညာရပ်၊ သားဖွားပညာရပ်၊ ဆေးဝါးပညာရပ်၊ ဆေးဘက်ဆိုင်ရာနည်းပညာရပ်၊ ပြည်သူ့ ကျန်းမာရေးပညာရပ်နှင့် အခြေခံကျန်းမာရေးဆိုင်ရာ ပညာရပ်များကို ဆိုသည်။

(ခ) **လက်မှတ်**ဆိုသည်မှာ ပုဒ်မ ၇ ပါ တက္ကသိုလ်၊ ကောလိပ် သို့မဟုတ် သင်တန်းကျောင်းကအပ်နှင်းသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။ ယင်းစကားရပ်တွင် စဉ်ဆက်မပြတ်ဆေးပညာ သင်ကြားရေး (Continuing Medical Education)နှင့် စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု (Continuing Professional Development) များအတွက် ပေးအပ်သည့် လက်မှတ်များမပါဝင်။

(ဂ) **ကြီးကြပ်ရေးကော်မတီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြန်မာနိုင်ငံဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များအပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်နိုင်ရန်၊

(ခ) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ရန်၊

(ဂ) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများသည် နိုင်ငံတော်ကချမှတ်ထားသော အမျိုးသားပညာရေးမူဝါဒ၊ ကျန်းမာရေးမူဝါဒများနှင့်အညီ ဖြစ်စေရန်၊

(ဃ) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အသုံးပြုရာတွင် ဥပဒေနှင့်အညီဖြစ်စေရန်။

**အခန်း(၃)**

**မြန်မာနိုင်ငံဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကြီးကြပ်ရေးကော်မတီ၊ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်–

(က) မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ကြီးကြပ်ရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်–

(၁) ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) ဒုတိယဝန်ကြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(၃) အမြဲတမ်းအတွင်းဝန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန — အဖွဲ့ဝင်

(၄) ညွှန်ကြားရေးမှူးချုပ် ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန — အဖွဲ့ဝင်

(၅) ဥက္ကဋ္ဌ မြန်မာနိုင်ငံဆေးကောင်စီ — အဖွဲ့ဝင်

(၆) ဥက္ကဋ္ဌ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ — အဖွဲ့ဝင်

(၇) ဥက္ကဋ္ဌ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ — အဖွဲ့ဝင်

(၈) ဥက္ကဋ္ဌ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ — အဖွဲ့ဝင်

(၉) ပါမောက္ခချုပ်တစ်ဦးစီ ဆေးတက္ကသိုလ်များ — အဖွဲ့ဝင်

(၁၀) ပါမောက္ခချုပ် တပ်မတော်ဆေးတက္ကသိုလ် — အဖွဲ့ဝင်

(၁၁) ပါမောက္ခချုပ်တစ်ဦးစီ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ — အဖွဲ့ဝင်

(၁၂) ပါမောက္ခချုပ်တစ်ဦးစီ ဆေးဝါးတက္ကသိုလ်များ — အဖွဲ့ဝင်

(၁၃) ပါမောက္ခချုပ်တစ်ဦးစီ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ — အဖွဲ့ဝင်

(၁၄) ပါမောက္ခချုပ်တစ်ဦးစီ သူနာပြုတက္ကသိုလ်များ — အဖွဲ့ဝင်

(၁၅) ပါမောက္ခချုပ် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် — အဖွဲ့ဝင်

(၁၆) ပါမောက္ခချုပ် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် — အဖွဲ့ဝင်

(၁၇) ပါမောက္ခချုပ် အခြေခံကျန်းမာရေးတက္ကသိုလ် — အဖွဲ့ဝင်

(၁၈) ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရဖွဲ့စည်းထားသော ကြီးကြပ်ရေးကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းခြင်းနှင့်စပ်လျဉ်းသည့် မူဝါဒများချမှတ်ခြင်း၊

(ခ) လုပ်ငန်းကော်မတီနှင့် လိုအပ်သောအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီနှင့် အဖွဲ့များ၏ ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(ဃ) ဤဥပဒေအရ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများကို အသိအမှတ်ပြုခြင်း၊

(င) သက်ဆိုင်ရာ ဆေးပညာရပ်အလိုက်ဖွင့်လှစ်ထားသော တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများမှ အပ်နှင်းသော ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ သတ်မှတ်မှုကို စိစစ်ခြင်း။

၆။ (က) ကြီးကြပ်ရေးကော်မတီသည် လုပ်ငန်းကော်မတီကိုအောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(၁) ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန — ဥက္ကဋ္ဌ

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝန်ထမ်းရေးရာ) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန — အဖွဲ့ဝင်

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ/ဘဏ္ဍာ) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန — အဖွဲ့ဝင်

(၄) ညွှန်ကြားရေးမှူး (သတင်းအချက်အလက်) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန — အဖွဲ့ဝင်

(၅) ညွှန်ကြားရေးမှူး (သူနာပြု) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန — အဖွဲ့ဝင်

(၆) ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြားရေး) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန — အတွင်းရေးမှူး

(၇) ညွှန်ကြားရေးမှူး(လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး(၁)

(၈) ညွှန်ကြားရေးမှူး (စည်းမျဉ်း၊ စည်းကမ်း/စစ်ဆေးရေး) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး(၂)

(ခ) ကြီးကြပ်ရေးကော်မတီသည်ပုဒ်မခွဲ (က) အရဖွဲ့စည်းသောလုပ်ငန်းကော်မတီကိုလိုအပ်ပါကပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) လိုအပ်သောအဖွဲ့များဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(၂) ဤဥပဒေအရ ဆေးပညာရပ်ဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့်လက်မှတ်များအပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့်သင်တန်းကျောင်းများ၏ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များအပ်နှင်းမှု အခြေအနေကို –

(ကက) စိစစ်၍ ကြီးကြပ်ရေးကော်မတီသို့တင်ပြလမ်းညွှန်မှုခံယူခြင်း၊

(ခခ) လိုအပ်ပါက သက်ဆိုင်ရာပညာရှင်များ၏ အကြံဉာဏ်ကို ရယူညှိနှိုင်းစိစစ်၍ ကြီးကြပ်ရေးကော်မတီသို့ တင်ပြလမ်းညွှန်မှုခံယူခြင်း။

(၃) ကြီးကြပ်ရေးကော်မတီက ပေးအပ်သောတာဝန်ကို ဆောင်ရွက်ခြင်း။

**အခန်း(၄)**

**ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့်လက်မှတ်များ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့်သင်တန်းကျောင်းများ**

၇။ အောက်ဖော်ပြပါ တက္ကသိုလ်၊ ကောလိပ်နှင့်သင်တန်းကျောင်းများသည် သက်ဆိုင်ရာ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့်လက်မှတ်များကို အပ်နှင်းပိုင်ခွင့်ရှိသည်–

(က) ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေအရတည်ထောင်ထားသော တက္ကသိုလ်များ၊

(ခ) ဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အောက်ရှိတက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ၊

(ဂ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖွင့်လှစ်သော ပုဂ္ဂလိကတက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ။

**အခန်း(၅)**

**တားမြစ်ချက်၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၈။ မည်သူမျှအောက်ပါပြုလုပ်မှုတစ်ခုခုကိုမပြုရ–

(က) ပုဒ်မ ၇ ပါ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့်သင်တန်းကျောင်းများမှအပ အခြားဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့်လက်မှတ်များကို အပ်နှင်းခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း။

၉။ မည်သူမျှ ပုဒ်မ ၇ ပါ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများကအပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် လက်မှတ်မရရှိဘဲ အဆိုပါ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်အခေါ်အဝေါ်များကို မိမိအမည်နှင့် ယှဉ်တွဲ၍ သုံးစွဲဖော်ပြခြင်းမပြုရ။

၁၀။ မည်သူမဆို ပုဒ်မ ၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံးကျပ်သိန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၁။ မည်သူမဆိုပုဒ်မ ၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်၂၅ သိန်းမှ အများဆုံးကျပ် သိန်း ၅၀ ထိ ငွေဒဏ်လည်း ချမှတ်ရမည်။

၁၂။ မည်သူမဆို ပုဒ်မ ၁၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိငွေဒဏ်လည်း ချမှတ်ရမည်။

**အခန်း(၆)**

**အထွေထွေ**

၁၃။ ဝန်ကြီးဌာနသည်–

(က) ကြီးကြပ်ရေးကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်ကို မိမိဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၁၄။ ဤဥပဒေ ပုဒ်မ ၁၁ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၁၅။ ဤဥပဒေပါ ပြစ်မှုကိုဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုရမည်။

၁၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် –

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်ရေးကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၇။ The Burma Medical Degrees Act (India Act VII, 1916)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံ လွတ်လပ်သောရှေ့နေများအသင်း( Independent Lawyers' Association of Myanmar – ILAM) က သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

### သတင်းထုတ်ပြန်ချက် (၆/၂၀၁၉)

၁- နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ၁၀-၁၂-၂၀၁၉ တွင် ကမ္ဘာ့တရားရုံး(ICJ)သို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ထုချေဖြေရှင်းမည်ဟု တိုင်းပြည်အပေါ် တာဝန်ယူမှု တာဝန်သိမှုစိတ်ဓာတ်ဖြင့် ကြေညာခဲ့ခြင်းအပေါ် ILAM အဖွဲ့ကြီးက ပြတ်သားစွာ ထောက်ခံကြိုဆိုလိုက်ပါသည်။

၂- ICJ သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းအရ တည်ထောင်ဖွဲ့စည်းသည့် တစ်ခုတည်းသော ကုလသမဂ္ဂပင်မတရားစီရင်ရေးအဆောက်အအုံဖြစ်သဖြင့် အဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံက လေးစားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃- မြန်မာနိုင်ငံသည် လူ့ဂုဏ်သိက္ခာကိုတန်းဖိုးထားပြီး အပြည်ပြည်ဆိုင်ရာ တရားမျှတမှု လူ့စံနှုန်းများ၊ အခြေချနေထိုင်ခွင့်၊ အမည်သညာရရှိပိုင်ခွင့်၊ အသက်ရှင်သန်ပိုင်ခွင့် စသည့် လူ့သမဂ္ဂကြီး၏ လောကပါလတရားများကို အပြည့်အဝလိုက်နာနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည့်နိုင်ငံ ဖြစ်ပါသည်။

၄- မြန်မာနိုင်ငံသည် တရားမဲ့မှု၊ ကြီးနိုင်ငယ်ညှဉ်း၊ လူလူချင်းစာနာမှုမဲ့သည့် မည်သည့်အပြုအမူ၊ ပြစ်မှုတို့ကိုမဆို သည်းညည်းခံဖုံးကွယ်မည်မဟုတ်ဘဲ၊ ကမ္ဘာ့အမျိုးသားနိုင်ငံများနှင့်အတူ အသားရောင်၊ လူမျိုး၊ ကိုးကွယ်သည့် ဘာသာမခွဲခြား၊ ယဉ်ကျေးမှုမြင့်မားသည့် ဂုဏ်သရေရှိတိုင်းပြည်ဖြစ်စေရန်၊ အခက်အခဲ အဟန့်အတား၊ မျိုးစုံကြားမှ ရုန်းကန်ဆောင်ရွက်နေရသည့် ထွန်းသစ်စနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

၅- ထိုသို့သော အခြေအနေတွင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်သူက ဆန္ဒမဲဖြင့် ကြည်ဖြူစွာရွေးချယ်တင်မြှောက်ခံရသူပီပီ နိုင်ငံတွင်းမှီတင်းနေထိုင်ကြကုန်သော နိုင်ငံသား၊ နိုင်ငံသားမဟုတ်သူ လူခပင်းတို့ အကျိုးစီးပွားအတွက် အမှောင်ခွင်း၍ အလင်းဆောင် ပြောင်မြောက်သော စွမ်းပကားကိုယ်ကျင့်သိက္ခာတရားတို့ဖြင့် အမှန်တရားထင်ရှားနိုင်စေသတည်းဟု လေးနက်တည်ကြည်စွာ ထောက်ခံဆန္ဒပြုအပ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း
ILAM

## မြန်မာစာရေးဆရာကလပ်က ၂၃-၁၁-၂၀၁၉ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

### မြန်မာစာရေးဆရာကလပ် ထုတ်ပြန်ကြေညာချက်

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကိစ္စနှင့်ပတ်သက်၍ နိုင်ငံ ၅၇ နိုင်ငံ ပါဝင်သည့် အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ OIC ၏ကိုယ်စား ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံး ICJ ၌ တရားစွဲထားသည့်ကိစ္စ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်သွားရောက်ဖြေရှင်းမည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်မည့် ဒေါ်အောင်ဆန်းစုကြည်၏ တာဝန်ယူမှု တာဝန်ခံမှုရှိသော ခေါင်းဆောင်စိတ်ဓာတ်ဖြင့် ဆုံးဖြတ်ဆောင်ရွက်ချက်ကို မြန်မာစာရေးဆရာကလပ်က ထောက်ခံအားပေးကြိုဆိုပါကြောင်း အလေးအနက် ထုတ်ပြန်ကြေညာလိုက်သည်။

ရက်စွဲ။ ၂၃-၁၁-၂၀၁၉ မြန်မာစာရေးဆရာကလပ်

## ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး





နေပြည်တော် ဒီဇင်ဘာ ၅

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ဇမ္ဗူသီရိခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမှာစကား ပြောကြားပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြဟန်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်တို့သည် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်းသည့် ဥပဒေရေးရာကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

အဆိုပါ တင်ပြဆွေးနွေးမှုအပေါ် လွှတ်တော် ကိုယ်စားလှယ်များက အကြံပြုဆွေးနွေး၍ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

### အဓိပ္ပာယ်ဖွင့်ဆိုချက်

ကလေးသူငယ်များ လုပ်ကိုင်သမျှ အလုပ်အားလုံးကို ကလေးအလုပ်သမားဟု အတန်းစားမသတ်မှတ်သင့်ပါ။ ILO ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကလေးအလုပ်သမားဟူသည် ၎င်း၏ ကလေး ဘဝ၊ ရှေ့အလားအလာနှင့် ဂုဏ်သိက္ခာတို့ကို ကင်းမဲ့စေပြီး ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေသည့်အလုပ်မျိုးကို လုပ်ကိုင်နေရသူများကို ဆိုသည်။ ထိုအလုပ်မျိုးသည် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် စာရိတ္တပိုင်းဆိုင်ရာကို ထိခိုက်နစ်နာစေသည့် အလုပ်မျိုး သို့မဟုတ် ၎င်းတို့၏ပညာသင်ကြားရေးကို ထိခိုက်စေမည့်-



- ကျောင်းတက်ရန်အခွင့်အလမ်းရွေးချယ်နိုင်မှုမရှိခြင်း
- အချိန်မတန်မီ ကျောင်းမှမဖြစ်မနေထွက်ရခြင်း
- ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်လေးလံသော အလုပ်ကို အကြောင်းကြောင်းကြောင့် အချိန်ကြာမြင့်စွာ လုပ်ကိုင်ရခြင်းတို့ ဖြစ်ပါသည်။

ဤသို့အဆိုးရွားဆုံးပုံစံများတွင် ကလေးသူငယ်များ ကျွန်ပြုခံရခြင်း၊ ပြင်းထန်သောဘေးဥပါဒ်နှင့် နာမကျန်းရောဂါတို့မှ အကာအကွယ်မဲ့စေခြင်း(သို့) မြို့ကြီးပြကြီးများရှိ လမ်းများပေါ် ရုံဖန်ရံခါ အသက်အရွယ်အလွန်ငယ်သူများပင် ဝမ်းရေးရှာဖွေ စားသောက်ရခြင်းတို့ပါဝင်ပါသည်။ အလုပ်၏ သီးခြားအလုပ်ပုံစံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကလေးအလုပ်သမားဟုခေါ်ဆိုနိုင်ရန်မှာ နိုင်ငံတစ်နိုင်ငံချင်းစီ၏ ရည်ရွယ်ချက်များနှင့် လုပ်ဆောင်ရသောအခြေအနေများ၊ ကလေးအသက်၊ အလုပ်အမျိုးအစားနှင့် အလုပ်ချိန်တို့အပေါ်မူတည်ပါသည်။ နိုင်ငံတွင်းရှိ လုပ်ငန်းကဏ္ဍများအလိုက်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ အဖြေကွဲပြားခြားနားမှုရှိပါသည်။

ကလေးအလုပ်သမားသည် ကာယကံရှင်အတွက်သာမက နိုင်ငံအတွက်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအား ဦးစားပေးလုပ်ဆောင်ရာတွင် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်အနှောင့်အယှက်ဖြစ်စေပြီး လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှုမြင့်မားစေသည်။ ကလေးအလုပ်သမားများသည် ပညာရည်နည်းပါးမှုနှင့်နိမ့်ကျသော အလုပ်စွမ်းအားဖြင့် လည်ပတ်နေရ၍ နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ် ယှဉ်ပြိုင်နိုင်မှုကို အကျိုးသက်ရောက်စေနိုင်သည်။

### ပါဝင်ပတ်သက်သူများ၏ တုံ့ပြန်ချက်



ဤဖြစ်စဉ်၏ကွဲပြားသော အကြောင်းရင်းခံများကို ကိုင်တွယ်ဖြေရှင်းရန်အလို့ငှာ ကလေးအလုပ်သမား လျှော့နည်းပပျောက်ရေး ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သူအားလုံးအနေဖြင့် အလုံးစုံချဉ်းကပ်မှုတစ်ရပ်ကို လက်ခံကျင့်သုံးရန် လိုအပ်ပေသည်။ ကလေးအလုပ်သမားကိစ္စတွင် နိုင်ငံတော်အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများအပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံး၏ အပြုသဘောဆောင်သော တုံ့ပြန်မှုလိုအပ်ပါသည်။ ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်အစီအစဉ်တို့တွင် သက်ဆိုင်သူအားလုံးမှ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပညာရေးပြုပြင်ပြောင်းလဲခြင်း၊ ဘဏ္ဍာငွေသတ်မှတ်ရေးနှင့်ဘဏ္ဍာရေးအရင်းအမြစ်များအတွက် ပုံမှန်ကတိကဝတ်ပြုမှုအပေါ် အာရုံစိုက်အလေးထားရန် အထူးလိုအပ်ပေသည်။

စာရင်းပြုစုရေးဆွဲခြင်းသည် ပထမအဆင့်သာဖြစ်ပြီး သတင်းဖြန့်ဝေခြင်းနှင့် လိုအပ်သည့် အကောင်အထည်ဖော်မှုများကို ဆက်လက်လုပ်ဆောင်သင့်သည်။

**စိုက်ပြီးသစ်ပင် ထိန်းသိမ်းလျှင်**
**လောင်စာလည်းရ ပြည်လည်းလှ**



# နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရန် တောင်ကိုရီးယားနှင့် တရုတ်တို့ သဘောတူညီ



**ဆိုးလ် ဒီဇင်ဘာ ၅**

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့သည် ဂျပန်နိုင်ငံပါဝင်သည့် သုံးနိုင်ငံထိပ်သီးအစည်းအဝေးကျင်းပသည့် အခါသမယတွင် နှစ်နိုင်ငံ ဆက်ဆံရေးကိုတိုးမြှင့်သွားရန် သဘောတူညီခဲ့ကြသည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့သည် ဒီဇင်ဘာ ၅ ရက်တွင် ဆိုးလ်မြို့၌ တွေ့ဆုံခဲ့ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးသည် လေးနှစ်တာကာလအတွင်း တောင်ကိုရီးယားနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်ခြင်းဖြစ်သည်။

ပေကျင်းနှင့် ဆိုးလ်တို့အကြား ဆက်ဆံရေးသည် တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်လုပ် THAAD ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်မှုနှင့်စပ်လျဉ်း၍ မပြေမလည်ဖြစ်ခဲ့သည်။

ယခုလနောက်ပိုင်းတွင် ပေကျင်း၌ကျင်းပရန် စီစဉ်ထားသည့် သုံးနိုင်ငံထိပ်သီးအစည်းအဝေးတွင် တောင်ကိုရီးယားနှင့် တရုတ်တို့အကြား ဆွေးနွေးမှုသည်လည်း လေးနက်မှုရှိလိမ့်မည်ဟု မွန်ဂျေအင်းက ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ် နျူကလီးယားအပြီးတိုင်ဖျက်သိမ်းရေးလုပ်ငန်းစဉ်နှင့် ထာဝရငြိမ်းချမ်းရေးတည်ထောင်မှုသည် အတိမ်းအစောင်းမခံသောအဆင့်တစ်ခုနှင့် ရင်ဆိုင်နေရကြောင်း မွန်ဂျေအင်းက ပြောကြားခဲ့သည်။ ထို့ကြောင့် ရှေ့ဆက်ဆောင်ရွက်မည့် ဆွေးနွေးပွဲများတွင် တရုတ်နိုင်ငံအနေဖြင့် တက်ကြွသည့်အခန်းကဏ္ဍကနေပါဝင်ရန်လည်း မွန်ဂျေအင်းက တောင်းဆိုခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**



## ပိုလန်နိုင်ငံတွင် ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲရာ လေးဦးသေ၊ လေးဦးပျောက်ဆုံးနေ

**ဝါဆော ဒီဇင်ဘာ ၅**

ပိုလန်နိုင်ငံတောင်ပိုင်း နှင်းလျှောစီးအပန်းဖြေစခန်းရှိ အိမ်တစ်အိမ်၌ ဗုဒ္ဓဟူးနေ့ ညဉ့်နက်ပိုင်းတွင် ဓာတ်ငွေ့ပေါက်ကွဲသဖြင့် လေးဦးသေဆုံးပြီး အခြားလေးဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသန္တရအာဏာပိုင်များက ပြောကြားသည်။

အသက်ရှင်လျက် ကျန်ရှိနေနိုင်သူများကို ရှာဖွေရန်အတွက် မီးသတ်သမား ၁၀၀ ခန့်သည် ရှကျက်ခ်တောင်ပေါ် အပန်းဖြေစခန်းရှိ နေအိမ်အပျက်အစီးများကို ကြာသပတေးနေ့ နံနက်ပိုင်းက ပိုက်စိပ်တိုက် လှန်လှောရှာဖွေနေကြသည်။

ရှာဖွေတွေ့ရှိခဲ့သည့် ရုပ်အလောင်းများအနက်တစ်ခုသည် ကလေးရုပ်အလောင်းဖြစ်ကြောင်း၊ အခြားရုပ်အလောင်းသုံးခုမှာလူကြီးရုပ်အလောင်းများဖြစ်ကြောင်း ယာရိုစလော့ယစ်ချောရက်စီရင်စု အုပ်ချုပ်ရေးမှူးက ပြောသည်။ ပေါက်ကွဲမှုဖြစ်ပွားချိန်၌ ၎င်းနေအိမ်တွင်လူရှစ်ဦးရှိနေခဲ့သည်ဟု ယုံကြည်ရကြောင်း ၎င်းက ဆက်ပြောသည်။

ယင်းပေါက်ကွဲမှုသည် ဓာတ်ငွေ့ပိုက်လိုင်းအတွင်း၌ ရုတ်တရက်ဖိအားကျဆင်းမှုမဖြစ်ပေါ်မီ အလျင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ အနီးအနား၌ ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ဓာတ်ငွေ့ပိုက်လိုင်းမတော်တဆ ထိုးဖောက်ခြင်းခံခဲ့ရသည်ကို ဖော်ပြနေကြောင်း ဓာတ်ငွေ့ဖြန့်ချိသည့် PSG ကုမ္ပဏီက ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်- အောင်ဇော်လင်း**

## ဘာလင်လူသတ်မှုအတွက် ရုရှားသံတမန်များအား ဂျာမနီနှင်ထုတ်

**ဘာလင် ဒီဇင်ဘာ ၅**

ချေချင် သူပုန်ခေါင်းဆောင်ဟောင်းအား လုပ်ကြံသတ်ဖြတ်မှုတွင် ရုရှားပါဝင်နေသည်ဟု ရှေ့နေများက ပြောဆိုခဲ့ပြီးနောက် ဂျာမနီနိုင်ငံက ရုရှားသံတမန်နှစ်ဦးအား ဗုဒ္ဓဟူးနေ့တွင် နှင်ထုတ်ခဲ့သည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဌာနက အဆိုပါ ပြောဆိုချက်များသည် ရန်လိုသောသဘောကိုဆောင်ပြီး အခြေအမြစ်မရှိကြောင်း ပြောကြားခဲ့သည်။

အသက် ၄၀ အရွယ်ရှိ ဂျော်ဂျီယာလူမျိုး ဇလင်ခန်းခန်ဂိုဘီလီမှာ ဩဂုတ် ၂၃ ရက်က ကလင်နာတီယာဂါတင် ပန်းခြံတွင် ဦးခေါင်းကို သေနတ်ဖြင့် နှစ်ချက်အပစ်ခံရပြီး သေဆုံးခဲ့သည်။ သူ့အားလုပ်ကြံသူဟု သံသယရှိသူ ရုရှားလူမျိုးတစ်ဦးကို အခင်းဖြစ်ပွားပြီးမကြာမီ ဖမ်းဆီးရမိခဲ့သည်။ မျက်မြင်သက်သေများ၏ ပြောကြားချက်အရ တရားခံသည် သေနတ်အား ကျောက်ခဲများထည့်ထားသော အိတ်အတွင်းတွင်ထည့်ပြီး မြစ်အတွင်းသို့ ပစ်ချခဲ့ကြောင်း သိရပြီး ၎င်းအသုံးပြုခဲ့သော ဆံပင်တုကိုလည်း သိမ်းဆည်းရမိခဲ့သည်။ ယခုဖြစ်ရပ်သည် လန်ဒန်နှင့် မော်စကိုတို့အကြားတွင် ဆက်ဆံရေး ကျဆင်းစေခဲ့သော ရုရှားစုံထောက်ဟောင်းအား ဗြိတိန်တွင် အဆိပ်ခတ်လုပ်ကြံခြင်းနှင့် ဆင်တူနေသည်။ အဆိုပါလုပ်ကြံသတ်ဖြတ်မှုကြောင့် လန်ဒန်နှင့် မော်စကိုအကြားတွင် သံတမန်နှင်ထုတ်မှုများ အပြန်အလှန်ပြုလုပ်ခဲ့သည်။



နေတိုးအဖွဲ့ အစည်းအဝေး ကျင်းပပြီးနောက် ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က ပြောကြားရာတွင် အဆိုပါ လူသတ်မှုအတွက် ရုရှားက မည်သည့်အကူအညီမှပေးအပ်ခြင်း မပြုသောကြောင့် ဂျာမနီက ယခုကဲ့သို့အရေးယူဆောင်ရွက်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ယခုကိစ္စသည် ပဲရစ်တွင်ကျင်းပမည့် ရုရှားသမ္မတ ဗလာဒီမာပူတင် တက်ရောက်မည့် ယူကရိန်းထိပ်သီးဆွေးနွေးပွဲအပေါ် အကျိုးတစ်စုံတစ်ရာ မသက်ရောက်စေရန် မိမိမျှော်လင့်ကြောင်း အင်ဂျလာမာကယ်က ပြောကြားသည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**

## အာဖရိကအရှေ့ပိုင်းတွင် ရေကြီးရေလျှံမှုများဖြစ်ပွား၊ လူ ၂၈၀ ကျော် သေဆုံး

**နိုင်ရိုဘီ ဒီဇင်ဘာ ၅**

အာဖရိကအရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ လူ ၂၈၀ သေဆုံးခဲ့ပြီး ၂ ဒသမ ၈ သန်းကျော် ရေဘေးဒုက္ခနှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားရေးအေဂျင်စီ၏ အစီရင်ခံစာတစ်ရပ်အရ သိရသည်။

ရေကြီးရေလျှံမှုများကြောင့် လူနေအိမ်များနှင့် အခြေခံအဆောက်အဦများပျက်စီးသွားခဲ့ပြီး ရေဘေးသင့်ဒေသများတွင် ကာလဝမ်းရောဂါအပါအဝင် အခြားကူးစက်ရောဂါများ ကူးစက်မှုနှုန်း မြင့်မားလျက်ရှိသည်။

မိုးသည်းထန်စွာရွာသွန်းမှုများသည် အောက်တိုဘာလမှ စတင်ခဲ့ရာ ယခုဒီဇင်ဘာလအထိ ရပ်တန့်သွားခြင်းမရှိသေးပေ။ ကင်ညာ၊ တန်ဇန်းနီးယားနှင့် ယူဂန်ဒါနိုင်ငံများတွင် ရေကြီးရေလျှံမှုများကို ဆိုးရွားစွာ ခံစားလျက်ရှိသည်။ ကင်ညာနိုင်ငံရှိ စီရင်စု ၄၇ ခုအနက် ၃၁ ခုတွင် ပြည်သူ ၁၆၀၀၀၀ ကျော်သည် ရေဘေးအန္တရာယ်ကို ခံစားနေရသည်။ လူပေါင်း ၁၃၂ ဦးသေဆုံးခဲ့ပြီး ယင်းတို့အနက် ၇၂ ဦးသည် မြေပြိုကျမှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**



ဂုဏ်ရည်အမှတ်တံဆိပ်ရှူဆေး

ဂုဏ်ရည်အမှတ်တံဆိပ်ရှူဆေးသည် ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ ဇက်ကြောတက်ခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ ခေါင်းမူးခြင်း၊ ခေါင်းအုံခြင်း၊ အအေးမိ နှာစေးခြင်း၊ နှာပိတ်ခြင်းတို့အတွက် ဘေးဥပါဒ်ကင်းစွာ အသုံးပြုနိုင်ပြီး ပေါ့ပါးကြည်လင် လန်းဆန်းစေပါသည်။

အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

"ပေါ့ပါးကြည်လင်လန်းဆန်းဖို့ ဂုဏ်ရည်ရှူဆေး ရှူကြစို့"

ဂုဏ်ရည်ဆေးတိုက်၊ ၈၂-၂၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၃၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



# ရာသီဥတုပြောင်းလဲမှုဒဏ် အများဆုံးခံရသည့် ကမ္ဘာ့နိုင်ငံများတွင် အိန္ဒိယ ပါဝင်

**နယူးဒေလီ ဒီဇင်ဘာ ၅**

ဂျာမနီနိုင်ငံအခြေစိုက် အစိုးရမဟုတ်သောအဖွဲ့အစည်း Germanwatch က ထုတ်ပြန်သည့် The Global Climate Risk Index ဟု ခေါ်ဆိုသည့် ၂၀၂၀ ပြည့်နှစ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီရင်ခံစာတွင် ရာသီဥတုပြောင်းလဲမှုဒဏ် အများဆုံးခံရသည့် ငါးနိုင်ငံစာရင်းတွင် အိန္ဒိယနိုင်ငံကို ထည့်သွင်းခဲ့သည်။ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုဒဏ် အများဆုံးခံရသည့် တိုင်းပြည်များစာရင်းတွင် ဂျပန်နိုင်ငံက ထိပ်ဆုံးကရှိနေပြီး ဖိလစ်ပိုင်၊ ဂျာမနီ၊ မာဒါဂါစကာနှင့် အိန္ဒိယနိုင်ငံတို့က အစဉ်လိုက်ရပ်တည်နေသည်။



၂၀၁၈ ခုနှစ် တွင် အပူလျှပ်မှုနှင့် ရေကြီးရေလျှံမှုများကြောင့် အိန္ဒိယနိုင်ငံ၌ လူ ၂၀၈၁ ဦး၊ ဂျပန်နိုင်ငံ၌ ၁၂၈၂ ဦးနှင့် ဂျာမနီနိုင်ငံ၌ ၁၂၄၆ ဦး သေဆုံးခဲ့သည်။ အိန္ဒိယနိုင်ငံမှာ ၂၀၁၈ ခုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် လူအသေအပျောက် အများဆုံးနိုင်ငံဖြစ်ခဲ့သလို စီးပွားရေးအရ ဆုံးရှုံးနစ်နာမှု ဒုတိယအများဆုံးနိုင်ငံ ဖြစ်ခဲ့သည်။ လူပေါင်း ၂၂၀၀၀၀ ကျော် နေအိမ်များစွန့်ခွာခဲ့ရပြီး နေအိမ် ၂၀၀၀၀ ခန့်နှင့် ဆည်မြောင်းတာတမံ ၈၀ ပျက်စီးခဲ့ကာ ထိခိုက်ဆုံးရှုံးမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံအထိ ရှိခဲ့သည်။ အပူချိန် ၄၈ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာခဲ့သည့် ၂၀၁၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံက အရှည်လျားဆုံးသော စံချိန်တင် အပူလှိုင်းဒဏ်ခံရသည့် နိုင်ငံတစ်ခု ဖြစ်ခဲ့သည်။ မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးခြင်း၊ ရေပြတ်လပ်ခြင်းတို့ ဖြစ်ပွားခဲ့သည်။

အစီရင်ခံစာအရ အိန္ဒိယနိုင်ငံမှာ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တို့တွင် အလွန်အမင်း ပူပြင်းမှုဒဏ်ခံခဲ့ရသည့် ကမ္ဘာ့နိုင်ငံများတွင် ပါဝင်ခဲ့ကြောင်း သိရသည်။ ၂၀၀၄ ခုနှစ်နောက်ပိုင်း အိန္ဒိယနိုင်ငံက စံချိန်တင်အပူပြင်းဆုံး ၁၅ နှစ်တွင် ၁၁ နှစ် ကြုံတွေ့ခဲ့ရကြောင်း အစီရင်ခံစာက ဆိုသည်။

**ကိုးကား – ဆင်ဟွာ၊**
**ဘာသာပြန် – ကျော်ထိုက်စိုး**

# အမေရိကန်က တိုက်ခိုက်လာလျှင် မြန်ဆန်စွာတုံ့ပြန်မည်ဟု မြောက်ကိုရီးယား သတိပေး

**ပြုံယမ်း ဒီဇင်ဘာ ၅**

အမေရိကန်နိုင်ငံက တိုက်ခိုက်မှုတစ်ရပ် လုပ်ဆောင်လာလျှင် မြောက်ကိုရီးယားနိုင်ငံက မြန်မြန်ဆန်ဆန်တုံ့ပြန်မည်ဟု မြောက်ကိုရီးယားတပ်မတော် အကြီးအကဲက သတိပေးလိုက်သည်။

မြောက်ကိုရီးယားနိုင်ငံကို တိုက်ခိုက်ရာတွင် တပ်ဖွဲ့ကို အသုံးပြုနိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အရိပ်အမြွက်ပြောကြားပြီးနောက် မြောက်ကိုရီးယား ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် ပတ်ခ်ျောင်ချွန်က ထိုသို့ သတိပေးလိုက်ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံက တိုက်ခိုက်မှုတစ်ရပ်လုပ်ဆောင်လျှင် မြောက်ကိုရီးယားနိုင်ငံက ချက်ချင်းလက်တုံ့ပြန်မည်ဖြစ်ရာ အမေရိကန်နိုင်ငံမှာ ကြောက်မက်ဖွယ်ရာ အခြေအနေတစ်ရပ် ကြုံတွေ့ရမည်ဟု ပတ်ခ်ျောင်ချွန်၏ ပြောကြားချက်ကို ကိုးကား၍ မြောက်ကိုရီးယား နိုင်ငံပိုင်မီဒီယာများက ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် အင်အားအကြီးမားဆုံးတပ်မတော်ကို ပိုင်ဆိုင်ထားကြောင်း ဒီဇင်ဘာ ၃ ရက်က လန်ဒန်မြို့တော်၌ကျင်းပသည့် နေတိုးထိပ်သီးအစည်းအဝေး၌ သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြား သည်။ "တပ်ဖွဲ့အသုံးမပြုရဖို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ လိုအပ်ရင် တပ်ဖွဲ့ကို အသုံးပြုမှာဖြစ်ပါတယ်" ဟု ၎င်းကဆိုသည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်မှာ ဒေါ်နယ်ထရမ့်၏ မှတ်ချက်စကားကြောင့် စိတ်မချမ်းမသာဖြစ်ခဲ့ရကြောင်း ပတ်ခ်ျောင်ချွန်က ပြောသည်။ ခေါင်းဆောင်နှစ်ဦးကြား နီးကပ်သော ဆက်ဆံရေးရှိခြင်းက ပဋိပက္ခတစ်ရပ်ကို တားဆီးပေးမည့် တစ်ခုတည်းသော အာမခံချက်ဖြစ်ကြောင်း သူကဆိုသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် ထရမ့်နှင့် ကင်ဂျုံအန်တို့ကြား ထိပ်သီးဆွေးနွေးပွဲ၌ မည်သည့်သဘောတူညီချက်မျှ မရရှိဘဲ ပြီးဆုံးခဲ့ပြီးနောက် နျူကလီးယားလက်နက်ဖျက်သိမ်းရေး ဆွေးနွေးမှုများ ရပ်တန့်ခဲ့ရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – ကျော်ထိုက်စိုး**

# ဂျပန်နှင့် တောင်ကိုရီးယားတို့ ကုန်သွယ်ရေးဆွေးနွေးပွဲ ပြန်စမည်

**တိုကျို ဒီဇင်ဘာ ၅**

ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ အဆင့်မြင့်အရာရှိများသည် တိုကျိုမြို့တွင် ကုန်သွယ်ရေးဆွေးနွေးပွဲများ ကျင်းပရန် ပြင်ဆင်နေကြသည်။ ဆိုးရွားနေသည့်ဆက်ဆံရေးကို အဆုံးသတ်၍ ပြန်လည်ရင်ကြားစေ့ရေး နှစ်ဖက်စလုံးက ကြိုးစားနေကြရာ ဒီဇင်ဘာ ၁၆ ရက်တွင် ပြုလုပ်မည့် အစည်းအဝေးသည် သုံးနှစ်ကျော်အတွင်း ပထမဆုံးပြုလုပ်သည့် ကုန်သွယ်ရေးဆိုင်ရာ အစည်းအဝေး ဖြစ်လာမည်ဖြစ်သည်။

ဂျပန်ကုန်သွယ်ရေးဝန်ကြီးက အစည်းအဝေးအစီအစဉ်တွင် နှစ်နိုင်ငံစလုံးက ယခုနှစ်နွေရာသီအတွင်းက အပြန်အလှန်ဒဏ်ခတ်ချမှတ်ခဲ့သည့် ပို့ကုန်ထိန်းချုပ်မှုများ ပါဝင်မည်ဟု ပြောကြားသည်။ ဂျပန်နိုင်ငံက လုံခြုံရေးဆိုင်ရာကိစ္စများကြောင့် ယင်းပို့ကုန်ထိန်းချုပ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ပြောဆိုခဲ့သည်။ ဂျပန်၏ဆောင်ရွက်ချက်ကို ကိုရီးယားနိုင်ငံက ရက်သတ္တပတ်အနည်းငယ်အကြာတွင် ပြန်လည်လက်စားချေခဲ့သည်။

ပို့ကုန်ထိန်းချုပ်မှုစည်းမျဉ်းအသစ်နှင့် သက်ဆိုင်သောပစ္စည်းများကို ကာကွယ်ပေးရန်အတွက် တောင်ကိုရီးယားနိုင်ငံ၏ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ဂျပန်နိုင်ငံက ဆွေးနွေးလိုသည်။ ဆွေးနွေးမှုမှတစ်ဆင့် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် လူအစုလိုက် အပြုံလိုက်သေစေနိုင်သည့် လက်နက်များမပြန့်ပွားရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မည်ဟု မိမိယုံကြည်ကြောင်း ဂျပန်ကုန်သွယ်ရေးဝန်ကြီး ဟီရိုရှိကာဂျီယာမာက သတင်းထောက်များကို ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံဘက်က သက်ဆိုင်ရာအစိုးရအေဂျင်စီရှိ အရာရှိများ၏ အရေအတွက်ကို ၅၆ ဦးမှ ၇၀ အထိ လာမည့်နှစ်တွင် တိုးမြှင့်မည်ဟု အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားခဲ့သည်။ သို့သော်လည်း ကိုရီးယားနိုင်ငံသည် ဂျပန်၏ ပို့ကုန်ထိန်းချုပ်မှုစည်းမျဉ်းကို ဖျက်သိမ်းစေလိုသည်ဟု စောင့်ကြည့်လေ့လာသူများက ပြောသည်။ အကြောင်းမှာ ထိုပို့ကုန်ထိန်းချုပ်မှုသည် တောင်ကိုရီးယားနည်းပညာကုမ္ပဏီအချို့ကို ထိခိုက်သောကြောင့်ဖြစ်သည်။

ထိုအတောအတွင်း တောင်ကိုရီးယားသမ္မတသည် ယင်းပို့ကုန်ထိန်းချုပ်မှု၏ သက်ရောက်မှုကို ကန့်သတ်ရန် ကတိပြုသည်။ တောင်ကိုရီးယားကုမ္ပဏီများ၊ နည်းပညာကျွမ်းကျင်သူများ၊ နိုင်ငံသားများအကြား စည်းလုံးညီညွတ်မှုတည်ဆောက်၍ ဂျပန်နိုင်ငံ၏ ပို့ကုန်ထိန်းချုပ်မှုကို ကျော်လွှားရန် မိမိတို့ကြိုးစားနေကြောင်း တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ဇော်လင်း**

# ယူကရိန်းကောလိပ်ကျောင်း၌ မီးလောင်မှုဖြစ်ပွား၊ တစ်ဦးသေ၊ ၁၄ ဦးပျောက်ဆုံးလျက်ရှိ

**ကီယက်ဗ် ဒီဇင်ဘာ ၅**

ယူကရိန်းနိုင်ငံတောင်ဘက် အိုဒက်ဆာဆိပ်ကမ်းမြို့တွင် မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ရာ ကျောင်းသူတစ်ဦး သေဆုံးပြီး ၁၄ ဦး ပျောက်ဆုံးနေကြောင်း ယူကရိန်းသမ္မတ ဗိုလိုဒီမီဇီလန်စကီးက ယနေ့ ပြောကြားသည်။



အဆိုပါ မီးလောင်မှုသည် ဒီဇင်ဘာ ၄ ရက်က အိုဒက်ဆာမြို့လယ်ကောင်ရှိကောလိပ်ကျောင်းတစ်ကျောင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အသက် ၁၆ နှစ်အရွယ် ကျောင်းသူတစ်ဦး သေဆုံးကာ အခြားလူ ၂၇ ဦး ဒဏ်ရာရရှိခဲ့သည်။

"ပျောက်ဆုံးနေတဲ့ လူ ၁၄ ဦးကို ဘေးမသီရန်မခ ရှာဖွေတွေ့ရှိလိမ့်မည်ဟု မိမိတို့အားလုံး မျှော်လင့်ထားပါတယ်။ ပျောက်ဆုံးနေသူဦးရေများနေတဲ့အတွက် သေဆုံးသူဦးရေလည်း ဒီထက်မကတိုးလာနိုင်ပါတယ်"ဟု ဇီလန်စကီးက လူမှုမီဒီယာ စာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

ထို့အပြင် အဆိုပါ မီးလောင်မှုတွင် မီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦးဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက် ငါးဦးသည် ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

"ဒဏ်ရာရရှိသူတွေအတွက် မိမိတို့အားလုံး ဆုတောင်းပေးလျက်ရှိပါတယ်။ ဆရာဝန်တွေက ဒဏ်ရာရရှိသူတွေရဲ့ အသက်ကို အကောင်းဆုံးနဲ့ ကယ်တင်နိုင်လိမ့်မည်ဟု မျှော်လင့်ရပါတယ်" ဟု အသက် ၄၁ နှစ်အရွယ် ယူကရိန်းသမ္မတ ဇီလန်စကီးက ထပ်မံဖော်ပြထားသည်။

အာဏာပိုင်များသည် အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် အိုဒက်ဆာမြို့တော်ဝန်က ဒီဇင်ဘာ ၄ ရက်မှ ၅ ရက်အထိ နှစ်ရက်ကြာ ဝမ်းနည်းကြေကွဲပွဲ ပြုလုပ်မည်ဟု ပြောကြားသည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ဂျေတီ**

(၁၂) လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် Nawaday 4 Storey Shop House



လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာရှိ ၁၈ပေ × ၆၀ပေ ကျယ်ဝန်းသောလူနေဆိုင်ခန်း

စီးပွားရေးအဆောက်အဦးဖြစ်ပါသည်။ မြေညီထပ်မှာhall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန်

သင့်တော်ပါသည်။ပထမထပ်တွင် မီးဖိုခန်းပါပြီး ဧည့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန်

သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး

တတိယထပ်နောက်ဘက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။

နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦးဖြစ်ပါသည်။

ဖုန်း–၆၅၀၅၃၅၊ ၆၆၆၁၈၃၊ ၆၅၁၄၃၆၊ ၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# နယ်မြေခံတပ်၌ စစ်တရားရုံး ရုံးထိုင်စစ်ဆေးလျက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၅**

ဂူတာပြင်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်ရန်အတွက် တပ်မတော်အက်ဥပဒေ၊ တပ်မတော် နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းခဲ့သည့် စစ်တရားရုံး(Court-Martial)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်တရားရုံး၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရုံးထိုင်စစ်ဆေးခြင်းအား နိုဝင်ဘာ ၂၆ ရက်တွင် ဘူးသီးတောင်မြို့ နယ်မြေခံတပ်၌ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စစ်မေးခြင်းတို့ကို ဆောင်ရွက်**

စစ်တရားရုံးသည် တပ်မတော်သားတရားလိုဘက်သက်သေများကို စစ်မေးခြင်း၊ အရပ်သား တရားလိုဘက်သက်သေများကို စစ်မေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ စွပ်စွဲခံရသူများကို စစ်မေးခြင်းနှင့် တရားခံဘက်သက်သေများကို စစ်မေးခြင်းတို့အား စစ်တရားရုံး၏ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဟု စစ်ဥပဒေချုပ်ရုံးမှ သတင်းရရှိကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**



# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး တို့အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဒီဇင်ဘာ ၂ ရက်မှ ၃ ရက်အတွင်းတွင် သစ်တောဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ကလေးဝ- ယာကြီးကားလမ်း မိုင်တိုင်အမှတ် (၁၁၁/၂)အနီး ယာဉ်ပေါ်မှ တရားမဝင်ပိတောက်ခွဲသား ၂ ဒသမ ၉၄၃ တန်၊ ဝန်းသိုမြို့နယ် နန်းလှိုင်ကြိုးဝိုင်း(၁၁) နန်းလှိုင်ချောင်းဆုံအနီးတွင် တရားမဝင်ကျွန်းသစ် ၇ ဒသမ ၁၉၆ တန်၊ ကောလင်းမြို့နယ် ရွှေဘို-မြစ်ကြီးနား ကားလမ်းပေါ် ပဒုမ္မာကျေးရွာအနီး ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား ၃ ဒသမ ၄၀၂၂ တန်၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်နှင့် ဖြူးမြို့နယ်တို့မှ ဇေယျဝတီ(အနောက်) ဘိနယ် မန္တလေး- ရန်ကုန်အမြန်လမ်း မိုင်တိုင်အမှတ် (၁၁၈/၂)တွင် ယာဉ်ပေါ်မှ တရားမဝင်ပျဉ်းကတိုးခွဲသား ၄ ဒသမ ၉၂၂ တန်အား သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းများတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း (နေပြည်တော်)**

# ယာဉ်တိုက်မိ၍ အမျိုးသားတစ်ဦး သေဆုံး

**သထုံ ဒီဇင်ဘာ ၅**

မွန်ပြည်နယ် သိမ်ဆိပ်ကျေးရွာအုပ်စု နောင်ဘိုကျေးရွာ ရေပြွန်ပိုင်း ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်းမကြီး မိုင်တိုင်အမှတ် (၁၄၁/၃) နှင့် (၁၄၁/၄) အကြား၌ ဒီဇင်ဘာ ၅ ရက် နံနက် ၅ နာရီခွဲခန့်က ယာဉ်တိုက်မိပြီး အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် သေဆုံးကြောင်း သတင်းအရ ဒီဇင်ဘာ ၅ ရက် နံနက် ၅ နာရီခွဲက သိမ်ဆိပ်နယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် သန့်ဇင်စိုးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ သထုံမှ ဘီးလင်းသို့ မောင်းနှင်လာသော ယာဉ်တစ်စီးကတိုက်၍ မောင်းနှင်ထွက်ပြေးသွားကြောင်း၊ ထွက်ပြေးတိမ်းရှောင်သွားသူ ယာဉ်မောင်းအား သိမ်ဆိပ်နယ်မြေရဲစခန်းက စုံစမ်းဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

# ဟိုပုံး၊ ပင်လောင်း၊ ဆီဆိုင်၊ ကျေးသီးနှင့် ငဖဲမြို့နယ်တို့၌ ဘိန်းစိုက်ခင်း ၅၅ ဒသမ ၁၅ ဧက ဖျက်ဆီး



**နေပြည်တော် ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၄ ရက်တွင် ထမ်းအယ်ကျေးရွာ၏ အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် တစ်ပေခွဲခန့်ရှိ သီးပွင့်ဆဲဘိန်းခင်း စုစုပေါင်း ၉ ဒသမ ၅ ဧကခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ဖျက်ဆီး**

အလားတူ ပင်လောင်းမြို့နယ် ထီနဲကျေးရွာ၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာ၌ အမြင့် နှစ်ပေခွဲခန့်ရှိ သီးပွင့်ဆဲ ဘိန်းခင်း စုစုပေါင်း ၂၅ ဧကခန့်၊ ဆီဆိုင်မြို့နယ် နားစေးစောက်ကျေးရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့်နှစ်ပေခွဲခန့်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ၁၂ ဧကခန့်၊ ကျေးသီးမြို့နယ် ပါတက်ကျေးရွာ၏ အရှေ့မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာ၌ အမြင့်လေးလက်မခန့်ရှိ ဘိန်းခင်း နှစ်ဧကခန့်၊ ငဖဲမြို့နယ် နောင်ကျေးရွာ၏ အနောက်ဘက် လေးမိုင်ခန့်အကွာ၌ အမြင့်ခြောက်လက်မခန့်ရှိ ဘိန်းခင်း စုစုပေါင်း ခြောက်ဧကခန့်နှင့် ရေဖြူကျေးရွာ၏ အရှေ့ဘက် ငါးမိုင်ခန့်အကွာ၌ အမြင့်ငါးလက်မခန့်ရှိ ဘိန်းခင်းစုစုပေါင်း သုည ဒသမ ၆၅ ဧကခန့်တို့အား သက်ဆိုင်ရာရဲတပ်ဖွဲ့များက ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# MyCO အကြောင်း သိကောင်းစရာများ (၄)

မောင်ဦးကာ

**ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့နှင့် စပ်လျဉ်း၍ မှတ်ပုံတင်ခြင်း (Registration of mortgage or charge)**

ကုမ္ပဏီတစ်ခုက ပြုလုပ်နိုင်သော ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်း (Charges) ကို ကြွေးယူသူ ကုမ္ပဏီကဖြစ်စေ၊ ကြွေးမြီရှင် ကုမ္ပဏီကဖြစ်စေ၊ နှစ်ဦးစလုံးကဖြစ်စေ MyCO တွင် ပုံစံ-ဇ (Form H) ဖြင့် မှတ်ပုံတင်ထားရှိနိုင်ပါသည်။

ကုမ္ပဏီများက စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော မတည်ရင်းနှီးငွေများနှင့်စပ်လျဉ်း၍ ပြုလုပ်သော အောက်ပါပေါင်နှံမှုများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ အားလုံးတို့အတွက် ကုမ္ပဏီ သို့မဟုတ် အပေါင်ခံသူ သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းအား လက်ခံသူ သို့မဟုတ် ၎င်းတို့ကိုယ်စား ဆောင်ရွက်သူက MyCO တွင် ပုံစံ (ဇ-၁) (H-1) ဖြင့် မှတ်ပုံတင် ထားရှိရန် လိုအပ်ပါသည်-

(၁) ဒီဘင်ချာများ ထုတ်ဝေခြင်းအတွက် အာမခံချက်ရှိစေရန် ရည်ရွယ်၍ ပြုလုပ်သည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၂) ကုမ္ပဏီ၏ တောင်းခေါ်ခြင်းမပြုသေးသော အစုရှယ်ယာ မတည်ငွေရင်းနှင့် စပ်လျဉ်းသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၃) မည်သည့်နေရာတွင်မဆိုတည်ရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း တစ်ရပ်ရပ် သို့မဟုတ် ထိုပစ္စည်းများတွင် ပါဝင်သည့် အကျိုးခံစားခွင့် တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၄) ကုမ္ပဏီတွင် သာမန်လုပ်ငန်းများအတွက် တင်ရှိသည့် ကြွေးမြီ (book debts) နှင့် စပ်လျဉ်း၍ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၅) စီးပွားရေးလုပ်ငန်းတွင် အသုံးပြုဆောင်ရွက်နေသည့် ပစ္စည်းများမှအပ ကုမ္ပဏီ၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သော ချေးငွေနှင့်စပ်လျဉ်း၍ ပေးသည့်အာမခံချက် (Pledge) မဟုတ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်း တစ်ရပ်ရပ်၊

(၆) ကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်မှုများ သို့မဟုတ် ပစ္စည်းများအပေါ် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating Charge) များ သို့မဟုတ်

(၇) နိုင်ငံတော်၏ပြင်ပတွင် ပြုလုပ်ခဲ့ပြီး နိုင်ငံတော်၏ပြင်ပတွင်တည်ရှိသော ပစ္စည်းသာလျှင် ပါဝင်သည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ ၂၂၉(က) နှင့် ၂၃၂ အရ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအတွက် MyCO တွင် မှတ်ပုံတင်ကြေး ၃၀၀၀၀ ကျပ်ပေးသွင်း၍ ပုံစံ (ဇ-၁) ( H-1) ဖြင့် အောက်ပါ အချက်အလက်များပါရှိသော စာရွက်စာတမ်းတစ်စုံ ပူးတွဲတင်ပြရပါမည်-

(၁) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား လက်ခံသည့်လူပုဂ္ဂိုလ်အမည်သို့မဟုတ် အဖွဲ့အစည်း၏အချက်အလက် (ဥပမာ၊ အပေါင်ခံသူ သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းအား လက်ခံသူ)

ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းအား လူပုဂ္ဂိုလ် (များ)က လက်ခံခြင်းဖြစ်ပါက ၎င်းတို့၏ တရားဝင်အမည် အပြည့်အစုံ၊ နိုင်ငံသားစိစစ်ရေးအမှတ် သို့မဟုတ် ပတ်စ်ပို့အမှတ်၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာကို ဖော်ပြရန်။ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား အဖွဲ့အစည်းက လက်ခံခြင်းဖြစ်ပါက မှတ်ပုံတင်ထားသော အမည်၊ မှတ်ပုံတင်အမှတ်၊ ဖွဲ့စည်းတည်ထောင်သည့်နေရာကို ဖော်ပြရပါမည်။

(၂) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း ပစ္စည်းနှင့်စပ်လျဉ်း၍ အကျဉ်းချုပ် ဖော်ပြရန် မှတ်ချက်။ ပုဒ်မ ၂၃၂၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) တွင် ပြဋ္ဌာန်းထားသည်မှာ ကုမ္ပဏီတစ်ခုကပြုလုပ်သည့် ဒီဘင်ချာများပါရှိသည့် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်တွင် တိကျသေချာသော အချက်အလက်များကို ကြွေးမြီတာဝန်တင်ရှိခြင်းပါဝင်သော အဆိုပါ စာချုပ်ချုပ်ဆိုပြီးနောက် သို့မဟုတ် အဆိုပါစာချုပ်မရှိခဲ့လျှင် ဒီဘင်ချာများကိုပြုလုပ်ပြီးနောက် ၂၈ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြရပါမည်။ ပုဒ်မ ၂၃၂ နှင့် သက်ဆိုင်ပါက လိုအပ်သော အချက်အလက်များပါသည့် စာရွက်စာတမ်းများကို ဤပုံစံနှင့်အတူ တင်ပြရန် ဖြစ်ပါသည်။

ထိုသို့ ပုံစံ ဇ-၁ ဖြင့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့နှင့်စပ်လျဉ်း၍ မှတ်ပုံတင်ခြင်း၊ တင်ပြလာခြင်းအပေါ် MyCO မှ မှတ်ပုံတင်လက်မှတ် (Certificate of Registration) ထုတ်ပေးမည်ဖြစ်ပြီး အဆိုပါလက်မှတ်ကို မိမိကုမ္ပဏီ၏ Documents အောက်တွင် Download ရယူနိုင်ပါသည်။




**ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းပစ္စည်းအား ရယူထားသောကုမ္ပဏီမှ မှတ်ပုံတင်ခြင်း (Registration of mortgage or charge over property acquired by company)**

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၂၃၀ အရ ကုမ္ပဏီတစ်ခုသည် ပစ္စည်းတစ်ရပ်ရပ်ကို ပိုင်ဆိုင်ရရှိပြီး ထိုပစ္စည်းသည် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းနှင့် သက်ဆိုင်သည့်အခါ (အပေါင်ထားသော ပစ္စည်း၏ ပိုင်ရှင်ပြောင်းလဲသွားသည့်အခါကို ဆိုလိုပါတယ်) အဆိုပါ ပစ္စည်းကို ရရှိပြီးနောက် ကုမ္ပဏီက ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းကို မှတ်ပုံတင်ရန် လိုအပ်ခဲ့လျှင် ကုမ္ပဏီသည် ကြွေးမြီတာဝန်တင်ရှိခြင်း၏ အချက်အလက်များကို MyCO တွင် မှတ်ပုံတင်ကြေး ၃၀၀၀၀ ကျပ် ပေးသွင်း၍ ပုံစံ (ဇ-၂) ( H-2) ဖြင့် စာရွက်စာတမ်းတစ်စုံ ပူးတွဲတင်ပြရပါမည်။

ဖောင်ပုံစံ-ဇ-၁ နှင့် ဇ-၂ တို့ဖြင့် မှတ်ပုံတင်ရာတွင် ကုမ္ပဏီ သို့မဟုတ် အပေါင်ခံသူ သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား လက်ခံသူတို့၏ အချက်အလက်များနှင့်အတူ ကြွေးမြီတာဝန်တင်ရှိခြင်းအား ပြုလုပ်ခဲ့သည့် သို့မဟုတ် သက်သေထင်ရှားဖြစ်စေသည့် စာရွက်စာတမ်း၏ မိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်နိုင်ရန်အတွက် အဆိုပါပစ္စည်းအား ရရှိသည့်နေ့မှ ၂၈ ရက်အတွင်း MyCO တွင် မှတ်ပုံတင်ထားရှိရန် လိုအပ်ပါတယ်။

နိုင်ငံတော်၏ ပြင်ပတွင် ပစ္စည်းတည်ရှိပြီး ကြွေးမြီတာဝန်တင်ရှိခြင်းကိုလည်း ပြင်ပ၌ ပြုလုပ်ခဲ့လျှင် သက်ဆိုင်ရာ စာရွက်စာတမ်း၏ မိတ္တူကို စာတိုက်မှ ထိုက်သင့်သည့် ဝီရိယဖြင့် ပေးပို့ခဲ့ပြီး နိုင်ငံတော်အတွင်း လက်ခံရရှိနိုင်သည့် နေ့မှ နောက်ပိုင်း ၂၈ ရက်ဖြင့် အစားထိုးရမည်ဖြစ်ပြီး ထို ၂၈ ရက်ကာလအတွင်း အချက်အလက်များ၊ စာရွက်စာတမ်းများ၏ မိတ္တူများကို MyCO တွင် မှတ်ပုံတင်ထားရှိရန် လိုအပ်ပါသည်။

**ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းဆိုင်ရာ အချက်အလက်များကို ပြင်ဆင်သတ်မှတ်ခြင်း (Modification of particulars of mortgage or charge)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ ၂၃၈(ခ) အရ ပုံစံ-ဇ-၁ နှင့် ဇ-၂ (Form- H-1 & H-2) ဖြင့် မှတ်ပုံတင်ထားသော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၏ စည်းကမ်းချက်များ သို့မဟုတ် အတိုင်းအတာ ပမာဏ သို့မဟုတ် လုပ်ဆောင်မှုများကို ပြင်ဆင်လိုပါက MyCO တွင် မှတ်ပုံတင်ကြေး ၃၀၀၀၀ ကျပ် ပေးသွင်း၍ ပုံစံ (ဇ-၃) ( H-3) ဖြင့် ပြင်ဆင်ထားသည့် စာရွက်စာတမ်း တစ်စုံပူးတွဲ တင်ပြရပါမည်။

**ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းဆိုင်ရာ စာချုပ်စာတမ်း၏မိတ္တူကို ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ရုံးခန်းတွင် ထိန်းသိမ်းခြင်း (Copy of instrument creating mortgage or charge to be kept at registered office)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ ၂၃၉ အရ ကုမ္ပဏီအားလုံးသည် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန် လိုအပ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတင်ရှိခြင်း တစ်ရပ်ရပ်အား ပြုလုပ်သည့် စာချုပ်စာတမ်းအားလုံး၏ မိတ္တူတစ်စောင်စီကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းတွင် သိမ်းဆည်းထားရှိရပါမည်။

**ပစ္စည်းလက်ခံထိန်းသိမ်းသူခန့်အပ်ခြင်း အကြောင်းကြားစာ (Notice of appointment of receiver)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ ၂၄၀ အရ ကုမ္ပဏီတစ်ခု၏ ပစ္စည်းများကို ထိန်းသိမ်းရန် ပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦး ခန့်အပ်သည့် အမိန့်တစ်ရပ်ကို ရရှိခဲ့လျှင် သို့မဟုတ် စာချုပ်စာတမ်းတစ်ရပ်ရပ်တွင်ပါရှိသော အခွင့်အာဏာများအရ အဆိုပါပစ္စည်းလက်ခံ ထိန်းသိမ်းသူတစ်ဦးအား ခန့်အပ်ခဲ့လျှင် ထိုသို့အမိန့်ချမှတ်သည့်နေ့ သို့မဟုတ် စာချုပ်စာတမ်းတွင်ပါရှိသော အခွင့်အာဏာအရ ခန့်အပ်သည့်နေ့မှ ၂၈ ရက်အတွင်း အဆိုပါအချက်အလက်နှင့် စပ်လျဉ်းသည့် အကြောင်းကြားမှုကို သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ ပုံစံ (ဇ-၄) ( H-4) ဖြင့် တင်ပြရပါမည်။

**ပစ္စည်းလက်ခံထိန်းသိမ်းသူ၏ အချက်အလက်များ ပြောင်းလဲခြင်းဆိုင်ရာ အကြောင်းကြားစာ (Notice of change of receiver details)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ ၂၄၀ အရ ပစ္စည်းလက်ခံ ထိန်းသိမ်းသူ၏ အချက်အလက်များ ပြောင်းလဲပြင်ဆင်လိုပါက ၎င်း၏ စီးပွားရေးလုပ်ငန်းလိပ်စာအသစ်၊ အီးမေးလ်နှင့် တယ်လီဖုန်းနံပါတ် (သက်ဆိုင်သမျှ) ပါဝင်သော စာရွက်စာတမ်းတစ်စောင်ပူးတွဲ၍ MyCO တွင် ပုံစံ (ဇ-၅) (H-5) ဖြင့် တင်ပြရပါမည်။

**ပစ္စည်းလက်ခံထိန်းသိမ်းသူ၏ ငွေစာရင်းများကို တင်ပြခြင်း (Filing of accounts of receiver)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ ၂၄၂ (က) အရ စာချုပ်စာတမ်းတစ်ရပ်ရပ်တွင်ပါရှိသော အခွင့်အာဏာအရ ခန့်အပ်ထားသည့် ကုမ္ပဏီ၏ပစ္စည်းများကို လက်ခံထိန်းသိမ်းရသူအားလုံးသည် အဆိုပါပစ္စည်းများကို ရယူခဲ့ပြီး ထိုဆောင်ရွက်နေသည့် ကာလတစ်လျှောက် ခြောက်လလျှင် တစ်ကြိမ်နှင့် ပစ္စည်းလက်ခံထိန်းသိမ်းသူအဖြစ် ဆောင်ရွက်ခြင်းမှရပ်စဲခဲ့လျှင် သက်ဆိုင်ရာကာလအတွင်း ၎င်းအနေဖြင့် လက်ခံရရှိခဲ့သည်များနှင့် ပေးချေခဲ့ရသည်များကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ကောက်နုတ်ချက်တစ်စောင်အားပြုစု၍ မှတ်ပုံတင်အရာရှိထံသို့ ပုံစံ (ဇ-၆) (H-6) ဖြင့် တင်ပြရပါမည်။

**ပစ္စည်းလက်ခံ ထိန်းသိမ်းသူအဖြစ်မှ ရပ်စဲကြောင်း အကြောင်းကြားစာ (Notice of cessation of receiver)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ ၂၄၂ (က) အရ ပစ္စည်းလက်ခံထိန်းသိမ်းသူအဖြစ်မှ ရပ်စဲလိုပါက MyCO တွင် ပုံစံ (ဇ-၇) (H-7) ဖြင့် တင်ပြရပါမယ်။

**အချိန်ကာလတိုးချဲ့ခြင်း သို့မဟုတ် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းကို ပြောင်းလဲပြင်ဆင်သည့် တရားရုံးအမိန့်အကြောင်းကြားစာ (Notice of Court Order for extension of time or rectification of mortgage or charge)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ ၂၄၄(က)၊ "တရားရုံးသည် ပုဒ်မ ၂၂၉ အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား မှတ်ပုံတင်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် ထိုပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် အချက်အလက်တစ်ရပ်ရပ် ချန်လှပ်ခဲ့ကြောင်း သို့မဟုတ် မှားယွင်းဖော်ပြထားကြောင်း သို့မဟုတ် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်အား ပြုလုပ်ခြင်းအတွက် ကြွေးမြီတစ်ရပ်ပေးရန်ရှိသည့်အကြောင်းအား မှတ်ပုံတင်အရာရှိထံသို့ ဖော်ပြအကြောင်းကြားရန် ပျက်ကွက်ခြင်းတို့မှာ မတော်တဆကြောင့် ဖြစ်ကြောင်း သို့မဟုတ် တမင်ရည်ရွယ်လုပ်ဆောင်ခြင်းမဟုတ်ကြောင်း သို့မဟုတ် အခြားလုံလောက်သော အကြောင်းပြချက်များကြောင့် ဖြစ်ပေါ်ခဲ့ကြောင်း သို့မဟုတ် ကုမ္ပဏီ၏မြီရှင်များ သို့မဟုတ် အစုရှယ်ယာပိုင်ရှင်များကို ထိခိုက်နိုင်သည့် အခြေအနေမရှိကြောင်း သို့မဟုတ် သက်သာခွင့်ပေးရန် သင့်တော်မျှတသည့် အခြားသောအခြေခံအကြောင်းများ ရှိကြောင်း ကျေနပ်လက်ခံခဲ့လျှင် ကုမ္ပဏီ သို့မဟုတ် အခြားသက်ဆိုင်သူ တစ်ဦးဦးက လျှောက်ထားလာပါက တရားရုံးက သင့်တော်မျှတသည့် စည်းကမ်းချက်များကို သတ်မှတ်၍ မှတ်ပုံတင်ရမည့် အချိန်ကာလကို တိုးမြှင့်ပေးနိုင်သည် သို့မဟုတ် ချန်လှပ်မှု သို့မဟုတ် မှားယွင်းဖော်ပြမှုများကို ပြင်ဆင်စေနိုင်သည့်အပြင် တရားရုံးအနေဖြင့် သင့်သည် ထင်မြင်ပါက လျှောက်ထားမှုအတွက် ကုန်ကျစရိတ်များနှင့် စပ်လျဉ်းသည့် အမိန့်တစ်ရပ် ချမှတ်နိုင်သည်" ဟု ပြဋ္ဌာန်းထားပါသည်။ ဒါကြောင့် အချိန်ကာလတိုးချဲ့ခြင်း သို့မဟုတ် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းကို ပြောင်းလဲပြင်ဆင်လိုပါက MyCO တွင် ပုံစံ (ဇ-၈) (H-8) ဖြင့် တရားရုံးအမိန့်အားပူးတွဲ၍ တင်ပြရပါမည်။

**ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အရ ငွေပေးချေမှု သို့မဟုတ် လိုက်နာဆောင်ရွက်မှုပြီးစီးကြောင်း (Payment or satisfaction of mortgage or charge)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ ၂၄၄(က)၊ "ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန် လိုအပ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်ကို ငွေပေးချေမှု သို့မဟုတ် လိုက်နာဆောင်ရွက်မှု အပြည့်အဝ ပြုလုပ်ပြီးသည့်နေ့မှ ၂၈ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြရန် တာဝန်ရှိသည်။ ထို့အပြင် အပေါင်ခံသူ သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းကို ရရှိသူသည် ငွေပေးချေမှု သို့မဟုတ် လိုက်နာဆောင်ရွက်ရမှုများကို မှတ်တမ်းတင်နိုင်ကြောင်း စာဖြင့်ရေးသားတင်ပြရမည်" ဟု ပြဋ္ဌာန်းထားပါသည်။ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်ကို ငွေပေးချေမှု သို့မဟုတ် လိုက်နာဆောင်ရွက်မှု အပြည့်အဝ ပြုလုပ်ပြီးပါက အပေါင်ခံသူ သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းကို ရရှိသူက ငွေပေးချေမှု သို့မဟုတ် လိုက်နာဆောင်ရွက်ရမှုများကို မှတ်တမ်းတင်နိုင်ကြောင်း စာဖြင့်ရေးသားထားသည့် အကြောင်းကြားစာ ပူးတွဲလျက် ပုံစံ (ဇ-၉) (H-9) ဖြင့် MyCO တွင်မှတ်ပုံတင်ထားရှိရန် လိုအပ်ပါသည်။ ။

# ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်ပွဲတော်သို့ ကျောင်းသား ကျောင်းသူများနှင့် အများပြည်သူ လာရောက်လေ့လာ

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်တက္ကသိုလ်နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ပွဲတော်ကို စတုတ္ထနေ့အဖြစ် ဒီဇင်ဘာ ၄ ရက်တွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ(RC)၌ ဆက်လက်ကျင်းပ လျက်ရှိရာ ကျောင်းသား ကျောင်းသူများနှင့် အများပြည်သူတို့ တဖွဲဖွဲ လာရောက်လေ့လာလျက်ရှိသည်။

ရန်ကုန်တက္ကသိုလ်အပန်းဖြေရိပ်သာတွင် နံနက် ၁၀ နာရီမှစတင်၍ ဆရာမ မသီတာ(စမ်းချောင်း)နှင့် ဦးအရိုင်းတို့က တက္ကသိုလ်နှင့် အနုပညာခေါင်းစဉ်ဖြင့် လည်းကောင်း၊ နေ့လယ်ပိုင်းတွင် Moderator အဖြစ် ဦးမျိုးမြတ်သူက ဆောင်ရွက်၍ ဆရာမမသီတာ(စမ်းချောင်း)၊ပန်းချီဆရာ ဦးယုစိန်၊ Myanmar Magazine editor ဒေါ်ခင်သန်းဖြူ၊ ကဗျာဆရာဦးမင်းထက်မောင်တို့က တက္ကသိုလ်နှင့် အနုပညာစကားဝိုင်းဆွေးနွေးပွဲကို လည်းကောင်း ဟောပြော၍ ညနေပိုင်းတွင် ရန်ကုန်တက္ကသိုလ်အငွေ့အသက်ကို ဖော်ကျူးထားသော "မယ်သီတာလိုမိန်းကလေး" ရုပ်ရှင်ဇာတ်ကား ပြသသည်။

"ယနေ့မှာ တက္ကသိုလ်နဲ့ အနုပညာဆိုတဲ့ ခေါင်းစဉ်အောက်မှာ မသီတာ (စမ်းချောင်း)နဲ့အတူ ဟောပြောခဲ့တာပါ။ တက္ကသိုလ်ကျောင်းတော်ကြီးနဲ့တက္ကသိုလ်က ကျောင်းသားတစ်ယောက်ဟာ ဘယ်လို ဂုဏ်ယူဖွယ်အတိုနဲ့ပြည့်စုံတယ်ဆိုတာကို နှစ်ဦးဆွေးနွေးဟောပြောပါတယ်။ ရန်ကုန်တက္ကသိုလ်အနုပညာအသင်းမှာအသင်းသားဟောင်းများကော်မတီဆိုပြီး ဖွဲ့စည်းထားတာရှိတယ်။ အနုပညာပိုင်းဆိုင်ရာတွေကို ပံ့ပိုးကူညီဖို့ ရာပြည့်ဖြစ်မြောက်ရေးကော်မတီကို အနုပညာနဲ့ ကျွန်တော်တို့ဝိုင်းဝန်းကူညီပံ့ပိုးဖို့အတွက် တာဝန်ယူထားပါတယ်"ဟု ဦးအရိုင်းက ပြောကြားသည်။

"တစ်နှစ်ပတ်လုံးကျင်းပမယ့် ရာပြည့်ပွဲမှာ ပြဇာတ်၊ အငြိမ့်တွေကို ကပြဖို့ရှိပါတယ်။ အနုပညာအသင်းအနေနဲ့ တစ်ရက်တာ သီးသန့်ကပြဖို့လည်းရှိပါတယ်။ တစ်ချိန်က တက္ကသိုလ်နဲ့ ယနေ့တက္ကသိုလ်ပြောင်းလဲတိုးတက်လာမှုကို ပြဇာတ်ကပြဖို့လည်း ဒီလထဲမှာရှိတယ်။ ၁၉၅၁ ခုနှစ်မှ ဒေါက်တာမောင်မောင်ခဦးစီးပြီး တက္ကသိုလ်အနုပညာအသင်းကို တည်ထောင်ခဲ့တာပါ။ ရိုးရာအနုပညာကို မျိုးဆက်သစ်လူငယ်တွေ ဆက်လက်ထိန်းသိမ်းဖို့ တာဝန်ရှိပါလားဆိုတာ သိရှိအောင်ဆောင်ရွက်နေပါတယ်။ တက္ကသိုလ်ကျောင်းသားဟောင်းများ ယနေ့ကျောင်းသားများနဲ့ တွဲဖက်ပြီး အနုပညာကိုဆက်လက်ဖော်ဆောင်နိုင်ပါစေလို့ အားပေးလိုပါတယ်။ ဒီဇင်ဘာ ၇ ရက် ညနေမှာ ခေတ်ပေါ်တေးဂီတနဲ့ ပူးပေါင်းတင်ဆက်ဖို့ရှိပါတယ်" ဟု ရန်ကုန်တက္ကသိုလ် အနုပညာအသင်းမှ အဆိုနှင့်စောင်းသင်တန်း တာဝန်ခံ ဦးမောင်မောင်ခင်က ပြောကြားသည်။

ရန်ကုန်တက္ကသိုလ်အပန်းဖြေရိပ်သာ (RC)၌ ဒီဇင်ဘာ ၇ ရက်တွင် "အဓိပတိလမ်းမက ရင်ခုန်သံဂီတညချမ်း"ဟူသော အစီအစဉ်ကို ညနေ ၅ နာရီမှ ၁၁ နာရီထိ ကျင်းပမည်ဖြစ်ရာ ထိုအစီအစဉ်ကို ရန်ကုန်တက္ကသိုလ် အနုပညာအသင်း၏ ကြီးကြပ်မှုဖြင့် ရောဟိဏီအနုပညာအင်အားစုကစီစဉ်တင်ဆက်သော မြန်မာမှုတေးဂီတနှင့် ခေတ်ပေါ်တေးဂီတတို့ဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- သန်းထိုက်**
**ဓာတ်ပုံ- သန်းစိုး**






စိတ်ကြိုက်ပထမဆုရ ပန်းပုရုပ်တု

# ကမ္ဘာ့အကြီးဆုံး သစ်သားပန်းပုပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၅**

ပဲခူးမြို့ (၁၀)မိုင်ကုန်း Shwe Pyi Resort ၌ ဒီဇင်ဘာ ၄ ရက် ညနေ ၆နာရီခွဲက ကမ္ဘာ့အကြီးဆုံး သစ်သားပန်းပုပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပွဲတော်ကျင်းပရေးနာယက၊ KMA Foundation နာယက၊ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးက ကမ္ဘာ့အကြီးဆုံး သစ်သားပန်းပုပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ဆုရရှိသူများအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်၊ ဥပဒေချုပ် ဦးအုန်းမြင့်၊ စာရင်းစစ်ချုပ် ဒေါ်သန်းသန်းဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ပွဲတော်ကျင်းပရေးနာယက၊ KMA Foundation နာယက၊ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ကမ္ဘာ့အကြီးဆုံး သစ်သားပန်းပုပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် စိတ်ကြိုက်နှင့် မော်ဒန်ဟူ၍ ပြိုင်ပွဲအမျိုးအစားနှစ်မျိုးပါရှိသည်။

အဆိုပါ ကမ္ဘာ့အကြီးဆုံး သစ်သားပန်းပုပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို အဋ္ဌမအကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲတွင် ၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်း တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် ပြိုလဲ၊ ပျက်စီးခဲ့သည့် သစ်ပင်ကြီးများအား အဖိုးတန်ပန်းပုရုပ်တုအဖြစ် ထုလုပ်ပြီး ကမ္ဘာ့အကြီးဆုံးနှင့် အများဆုံး ပန်းပုရုပ်တုများကို တစ်နေရာတည်း စုစည်းထားရှိမှုကို သိရှိစေရန်၊ မြန်မာ့ပန်းပုပညာရပ်နှင့် ပန်းပုပညာရှင်များဖော်ထုတ်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-တင်စိုး(ပဲခူး)**
**ဓာတ်ပုံ-အေးမင်းသူ**

# ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို စာအုပ်ပြပွဲနှင့် အရောင်းပွဲတော် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို စာအုပ်ပြပွဲနှင့် အရောင်းပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

**ရည်ရွယ်ကျင်းပ**

စာအုပ်ပြပွဲနှင့် အရောင်းပွဲတော်တွင် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းအလုပ်အမှုဆောင် ကိုအောင်ကျော်မိုးက လူငယ်များ စာအုပ်စာပေများကို လေ့လာနိုင်ပြီး အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ ရှေးဟောင်းစာအုပ်များနှင့် အခြားသောဘာသာရပ်ဆိုင်ရာ စာအုပ်များကို တစ်နေရာတည်းတွင် ဝယ်ယူဖတ်ရှုနိုင်စေရန်နှင့် စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်ထုတ်ဝေသူများက ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ အကျိုးရှိစေရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

**၁၂၁ ခန်း ဖွင့်လှစ်ပြသရောင်းချ**

စာအုပ်ပြပွဲနှင့် အရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၁၂၁ ခန်း ဖွင့်လှစ်ပြသရောင်းချလျက်ရှိရာ စာပေချစ်မြတ်နိုးသူပရိသတ်များအတွက် ဘာသာရပ်မျိုးစုံစာအုပ်များ၊ သုတရသအဟောင်း/အသစ်၊ လုံးချင်းဝတ္ထုတို၊ ဝတ္ထုရှည်စာအုပ်များ၊ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သုတ၊ ရသစာအုပ်များ၊ ရှားပါးရှေးဟောင်းစာအုပ်များ၊ မြန်မာတိုင်းရင်းသားကျောက်စာများစာအုပ်၊ ပါရဂူဘွဲ့ကျမ်းများ၊ ဆေးပညာရပ်ဆိုင်ရာစာအုပ်များ၊ အင်္ဂလိပ်/မြန်မာအဘိဓာန်စာအုပ်များ၊ ပုံပြင်စာအုပ်မျိုးစုံ၊ ကာတွန်းကလေးစာပေစာအုပ်များ၊ သိပ္ပံစာအုပ်များ၊ ပဟေဠိစာအုပ်များ၊ ကဗျာစာအုပ်များကို အဓိပတိလမ်းမပေါ် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ရှေ့ သစ်ပုပ်ပင် ဝဲ/ယာနှစ်ဖက်တွင် ခင်းကျင်းရောင်းချလျက်ရှိသည်။

**ဒီဇင်ဘာ ၈ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်**

စာအုပ်ပြပွဲနှင့် အရောင်းပွဲတော်တွင် စာအုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် ရာခိုင်နှုန်းလျှော့ ရောင်းချပေးသောကြောင့် စာပေချစ်မြတ်နိုးသူများ ဝယ်ယူအားပေးလျက်ရှိပြီး ယနေ့မှ ဒီဇင်ဘာ ၈ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-ကိုကိုဇော်၊ ဓာတ်ပုံ-ဇော်မင်းလတ်**





## အနုပညာ

# ချာအင်ဟာ နေအိမ်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်

လတ်တလောမှာ ကွယ်လွန်ခဲ့တဲ့ တောင်ကိုရီးယားမင်းသား ချာအင်ဟာ ဟာ သူ့ရဲ့နေအိမ်မှာပင် ကွယ်လွန်ခဲ့တာဖြစ်ကြောင်း ကိုရီးယားသတင်းစာမှာ ရေးသားဖော်ပြခဲ့တယ်လို့ သိရပါတယ်။ မင်းသား ကွယ်လွန်ကြောင်း သတင်းတွေ စတင်ပေါ်ထွက်လာချိန်မှာ ကွယ်လွန်တဲ့နေရာနဲ့ အချိန်ကို ထုတ်ဖော်အသိပေးခဲ့ခြင်း မရှိဘဲ နောက်ပိုင်းမှာမှ နေအိမ်မှာ ကွယ်လွန်ခဲ့တာဖြစ်ကြောင်း အသိပေးလာတာ ဖြစ်ပါတယ်။

ချာအင်ဟာဟာ ၂၀၁၇ ခုနှစ်အတွင်း သရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာလောကထဲ စတင်ဝင်ရောက်လာခဲ့တာ ဖြစ်ပါတယ်။ ချာအင်ဟာဟာ မင်းသား အာဂျေယန်း၊ မင်းသမီး အိုယွန်စိုးတို့နဲ့ တွဲဖက်ကာ "Love With Flaws" ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့ ဇာတ်လမ်းတွဲရုပ်ရှင်ကို ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၇ ရက်မှာ စတင်ပြသခဲ့ပါတယ်။ သူဟာ ကွယ်လွန်ချိန်မှာ အသက် ၂၇ နှစ်အရွယ်သာ ရှိသေးတာ ဖြစ်တယ်။

ချာအင်ဟာ ကွယ်လွန်ခဲ့တဲ့ အကြောင်းအရင်းကို ထုတ်ဖော်ပြောကြားခြင်းမရှိပါဘူး။ အေဂျင်စီက မိသားစုဝင်တွေရဲ့ ဝမ်းနည်းမှုတွေကို စာနာနားလည်ပေးဖို့နဲ့ မင်းသားနဲ့ ပတ်သက်ပြီး မမှန်သတင်းတွေ ရေးသားဖြန့်ဝေခြင်းမပြုဖို့သာ မီဒီယာတွေကို ဖြေကြားခဲ့တယ်လို့လည်း သိရပါတယ်။ ဒါ့အပြင် မင်းသားရဲ့ စျာပနကိုလည်း သီးသန့်ပြုလုပ်သွားမှာဖြစ်တယ်လို့ အေဂျင်စီက ပြောကြားခဲ့ပါတယ်။

ရဲတပ်ဖွဲ့ရဲ့ ပြောကြားချက်အရ ချာအင်ဟာရဲ့ အလောင်းကို ဒီဇင်ဘာ ၂ ရက်က သူ့ရဲ့ နေအိမ်မှာပင် တွေ့ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ချာအင်ဟာရဲ့ အလောင်းကို ပထမဆုံးတွေ့ရှိခဲ့သူကတော့ မင်းသားရဲ့ မန်နေဂျာဖြစ်တယ်လို့လည်း သိရပါတယ်။




**အေးပြည့်**
**စုစည်းသည်**

# ကတိတည်ကြောင်း ပြသလိုက်တဲ့ ဂျီဆိုးနဲ့ လီဆာ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BLACK PINK" ရဲ့ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဂျီဆိုးနဲ့ လီဆာတို့ဟာ ပရိသတ်ကို ပေးထားတဲ့ကတိအတိုင်း လတ်တလောမှာ ယုန်နဲ့ ဘဲလို ဝတ်ဆင်ကာ လေဆိပ်ကိုရောက်ရှိလာခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီဇင်ဘာ ၃ ရက်မှာ ဂျီဆိုးနဲ့ လီဆာတို့ဟာ ကင်မ်ပို အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရောက်ရှိလာပါတယ်။ ဂျီဆိုးက ယုန်တစ်ကောင်လို ဝတ်ဆင်ထားပြီး လီဆာကတော့ အဝါရောင်ဘဲလေးအဖြစ် ဝတ်ဆင်လာတာကို တွေ့ရပါတယ်။ ဒီလိုဝတ်ဆင်ခဲ့တာဟာ ပြီးခဲ့တဲ့ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲအတွင်း ပရိသတ်ကို ကတိပေးခဲ့တာကြောင့်ဖြစ်တယ်လို့ သိရပါတယ်။ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲတစ်ခုအတွင်း ဂိမ်းကစားခဲ့ရာမှာ ရှုံးနိမ့်ခဲ့တာကြောင့် ပရိသတ်တွေရဲ့ တောင်းဆိုမှုအတိုင်း ဝတ်ဆင်ခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။



"BLACK PINK" ဟာ ဂျပန်မှာ အဖွဲ့ရဲ့ နယ်လှည့်ဖျော်ဖြေရေးပွဲတွေကို ပြုလုပ်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။



# စိုက်ပျိုးရေးအတွက် ရေရရှိရေးနည်းလမ်းများ ပေါင်းစပ်ဆောင်ရွက်

**ဝက်လက် ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက ဝက်လက်မြို့နယ် မုဆိုးခြံဘူတာ ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင်လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ရွာသာကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင်လည်းကောင်း ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးက နွေသီးနှံများအား ဆည်ရေမပေးဝေနိုင်ခြင်းကြောင့် တောင်သူများအနေဖြင့် ယခုလက်ရှိအစိုဓာတ်ကို စနစ်တကျထိန်းသိမ်း၍ အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးကြရန်၊ ရေရရှိရေးနည်းလမ်းများနှင့် စိုက်ပျိုးနည်းစနစ်များကို ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ပြီး တောင်သူများ၏ လိုအပ်ချက်များ၊ တင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးက ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက သီးနှံစိုက်ခင်းများအတွင်း ကျရောက်တတ်သည့် ဖြုတ်ပိုးနှင့် အခြားဖျက်ပိုးများအား ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းစနစ်များ အသုံးပြု၍ ကာကွယ်နှိမ်နင်းရန်နှင့် သီးနှံများစိုက်ပျိုးရာတွင် ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်စေရေး နည်းပညာပေးဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ကျီးကန်ကျေးရွာရှိ တောင်သူဦးကျော်ဆန်းဝင်း၏ ပဲချဉ်ပေါင်စိုက်ခင်းအတွင်း ကောင်းကင်မျိုးစေ့ကြဲစက်ဒရုန်းဖြင့် ရေလိုက်ကြဲစိုက်နည်းစနစ် စိုက်ပျိုးပြသမှုတို့ကို ဒေသခံတောင်သူများနှင့်အတူ ကြည့်ရှုအားပေးခဲ့သည်။

**မိုးသောက်(ရွှေဘို)**

# သာစည်မြို့၌ အမျိုးသမီးများ အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အသိပညာပေး

**သာစည် ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အမျိုးသမီးများ အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရေးဦးစွာ မြို့နယ်အမျိုးသမီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးကော်မတီအတွင်းရေးမှူး ဒေါ်သန်းသန်းဌေးက မြို့နယ်အတွင်း အမျိုးသမီးများနှင့် ပတ်သက်သည့် ဆောင်ရွက်နေသော လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာခရိုင် လူမှုဝန်ထမ်းဦးစီးဌာန သာစည်မြို့နယ်တာဝန်ခံ ဒေါ်သဲမွန်လွင်၊ Actionaid Myanmar မှ တွဲဖက်အစီအစဉ်အရာရှိ ဒေါ်မေသက်ထွေးတို့က အမျိုးသမီးများ အကြမ်းဖက်မှုပပျောက်ရေး ဆိုင်ရာဆောင်ရွက်မှုများ၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး ဆောင်ရွက်နေမှုများကို ဟောပြောခဲ့ကြသည်။ ယင်းနောက် တက်ရောက်လာသော ပြည်သူများအား မေးခွန်းတိုများမေးမြန်းခဲ့ပြီး ဖြေဆိုနိုင်သူများကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ "သက်ငယ်မုဒိမ်းမှုကင်းစင်ရေးအားလုံးပူးပေါင်းပါဝင်ပေး" အသိပညာပေး ဆိုင်းဘုတ်အား လူအများ မြင်တွေ့စေနိုင်သော မြို့လယ် မီးပွိုင့်လမ်းဆုံအနီးတွင် စိုက်ထူခဲ့ကြပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနနှင့် ခရိုင်/မြို့နယ်အမျိုးသမီးကော်မတီဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ခန့်စစ်အောင်(ပြန်/ဆက်)**



# ကလေးစာပေပွဲတော် (မြောင်းမြမြို့) ရင်တွင်းစကားသံများ

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်တွင် ကလေးစာပေပွဲတော်များကို နိုဝင်ဘာလမှစတင်၍ ကျင်းပလျက်ရှိရာ နဝမအကြိမ်မြောက်ကျင်းပသည့် မြောင်းမြမြို့ ကလေးစာပေပွဲတော်ကိုလည်း ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါ ကလေးစာပေပွဲတော်ကျင်းပမှုနှင့်ပတ်သက်သည့် ရင်တွင်းစကားသံများကို အများပြည်သူများ သိရှိနိုင်စေရန် ဖော်ပြပေးလိုက်ပါသည်။



ဦးဟန်ဖြူအောင်



မဆုလှဲ့ဝတီ



ဒေါ်ဝင်းဝင်းတင်



ဦးသောင်းတင်ထွေး



ဦးဇာနည်တင့်

**ဦးဟန်ဖြူအောင် (အထက်တန်းပြဆရာ) အ-ထ-က(၁)၊ မြောင်းမြမြို့**

ပွဲတော်မှာ ပန်းချီပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ စတဲ့ ကဏ္ဍပေါင်းစုံ ပါဝင်တဲ့အတွက် ကလေးတွေရဲ့စွမ်းရည်ကို ဖော်ထုတ်ပြသခွင့်ရတဲ့ပွဲလို့လည်း ပြောနိုင်ပါတယ်။ ဒါကြောင့် ကလေးစာပေပွဲတော်ဟာ ကလေးတွေအတွက် စာပေနဲ့ထိတွေ့ဖို့အခွင့်အလမ်းများနဲ့ စွမ်းရည်တွေ ဖော်ထုတ်ပေးတာဖြစ်တဲ့အတွက် ကလေးများအနာဂတ်အတွက် အကျိုးရှိတဲ့ပွဲတစ်ပွဲဖြစ်တယ်လို့ ထင်မြင်မိပါတယ်။

**မဆုလှဲ့ဝတီ (အဋ္ဌမတန်းလူရည်ချွန်) အ-ထ-က(၁)၊ မြောင်းမြမြို့**

ကလေးစာပေပွဲတော်ဟာ ကလေးတွေအတွက် တီထွင်ဖန်တီးမှုတွေကို ထုတ်ဖော်ပြသခွင့်ရတဲ့ ပွဲတော်ဖြစ်ပါတယ်။ တစ်ဦးချင်းစီရဲ့ ကိုယ်ပိုင်ဖန်တီးမှုတွေ၊ အဖွဲ့လိုက် စွမ်းဆောင်မှုတွေရရှိဖို့၊ ကလေးများကြိုးစားချင်စိတ်နဲ့ ပိုမိုတိုးတက်လာမယ်လို့မြင်ပါတယ်။ ကလေးစာပေပွဲတော်ဟာ ကလေးတွေရဲ့ အနာဂတ်ကို ပုံဖော်ပေးတဲ့ပွဲတစ်ခုလို့ မြင်မိပါတယ်။

**ဒေါ်ဝင်းဝင်းတင်(မြောင်းမြခရိုင်ပညာရေးမှူး)**

ကလေးတွေအတွက် အဓိကထား ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ပါတယ်။ ကျေးလက်ဒေသက ကလေးတွေဆိုရင် မြို့ပေါ်ဒေသကို ရောက်ရတယ်။ မတွေ့ဖူးတာတွေ တွေ့မြင်ရတယ်။ အခမ်းအနားတွေမှာလည်း ကိုယ်တိုင်ပါဝင်ခွင့်ရကြတဲ့အတွက် ပျော်ရွှင်ကြတယ်။ ကလေးတွေ ဒီလိုပျော်ရွှင်ကြတာမြင်တော့ နောင်နှစ်တွေမှာလည်း ဒီလို ကလေးစာပေပွဲတော်မျိုး ကျင်းပနိုင်ဖို့ မျှော်လင့်မိပါတယ်။

**ဦးသောင်းတင်ထွေး (ခရိုင်စီမံခန့်ခွဲမှုကော်မတီ) မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး**

အနာဂတ်ကလေးငယ်တွေရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင်၊ ကလေးငယ်တွေ စာပေဗဟုသုတရရှိအောင်၊ စာဖတ်စွမ်းအား တိုးပွားအောင်နဲ့ စာဖတ်တဲ့ အလေ့အကျင့်ကောင်းတွေရရှိအောင် ကလေးစာပေပွဲတော်ကို ပြုလုပ်ခြင်းဖြစ်ပါတယ်။ လူငယ်တွေ အသိပညာတွေ အတတ်ပညာတွေ မြင့်မားမှ နောင်တစ်ချိန် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။

**ဦးဇာနည်တင့် (ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ)**

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသလို ဒီကလေးတွေရဲ့ဘဝ ကြီးပြင်းလာတဲ့အခါမှာ ငယ်ဘဝတွေက အမှတ်ရစရာတွေ၊ ပျော်ရွှင်စရာတွေ၊ ပညာရစရာတွေဟာ သူတို့ကို လွှမ်းမိုးနေမှာပါ။ ကလေးစာပေပွဲတော်မှာ ပုံပြော၊ ပန်းချီ၊ အားကစားပွဲတွေမှာ သူတို့ ကိုယ်တိုင် ကိုယ်စွမ်း ဉာဏ်စွမ်း ပြသခွင့်ရတဲ့ အတွက်လည်း အနာဂတ် သူတို့ဘဝအတွက် အလေ့အကျင့်ကောင်းတွေ ဖြစ်နေလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**မောင်သိက္ခာမင်းစံ သတ္တမတန်း၊ အ-ထ-က(၁)၊ မြောင်းမြ**

ကလေးစာပေပွဲတော်ကနေ အတွေ့အကြုံကောင်းတွေနဲ့ ဗဟုသုတတွေ အများကြီးရလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ထူးချွန်ထင်ရှားဧရာဝတီတိုင်းသားပြခန်းနဲ့ ထူးချွန်ထင်ရှား မြောင်းမြသား ပြခန်းတွေကနေ ထူးချွန်သူများကို သိခွင့်ရရှိတဲ့အတွက် လေးစားအားကျမိပါတယ်၊ သူတို့တွေလို ထူးချွန်တဲ့သူဖြစ်အောင်လည်း ကြိုးစားသွားမှာပါ။

**မောင်ခန့်မင်းထက် (အဋ္ဌမတန်းလူရည်ချွန်) အ-ထ-က(၁)၊ မြောင်းမြ**

မြို့နယ်အတွင်းမှာ ကလေးငယ်ပေါင်းများစွာက အခုစာပေပွဲတော်မှာ တွေ့ဆုံခွင့်ရကြတယ်။ ပြိုင်ပွဲတွေ ကစားပွဲတွေ ဖျော်ဖြေပွဲတွေမှာ ကိုယ်တိုင်ပါဝင်ခွင့်နဲ့ အစွမ်းပြသခွင့်ရတဲ့အတွက် ကလေးငယ်တွေဟာ မိမိကိုယ်ကိုယ်ယုံကြည်မှုတွေပိုရှိလာမှာဖြစ်ပါတယ်။ အတွေ့အကြုံသစ်တွေရရှိတဲ့အတွက်လည်း ရှေ့ဆက်လျှောက်လှမ်းမယ့် အနာဂတ်ခရီးမှာလည်း ကြိုးစားချင်စိတ်တွေ ရရှိမှာဖြစ်ပါတယ်။

ကလေးစာပေပွဲတော် (မြောင်းမြ)ကို ဒီဇင်ဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပပြီး ကလေးများ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်နှင့် ဂိမ်းကစားနည်းများ၊ ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲ၊ စာပေဟောပြောပွဲ၊ မျက်လှည့်ပွဲ၊ ရုပ်သေးအက၊ ကလေးများ၏ ဖျော်ဖြေပွဲများဖြင့် စီစဉ်ကျင်းပလျက်ရှိပြီး စာအုပ်များကိုလည်း စျေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်း-အောင်မင်း၊ ဝင်းကြိုင်၊
လွှမ်းသီဟ၊ ဝင်းကျော်မြင့်
ဓာတ်ပုံ -အောင်မင်း (မြောင်းမြ)

## သတင်းစုံကဏ္ဍ

### အသိပညာပေးဟောပြော

**ဂန့်ဂေါ**

ဂန့်ဂေါမြို့နယ် မင်းရွာအထကတွင် ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်အေးအေးက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာများ၊ စားသုံးသူရေးရာဦးစီးဌာန ဂန့်ဂေါမြို့နယ်တာဝန်ခံ ဒေါ်စိုးယုဆွေက စားသုံးရန်မသင့်သည့် စားသောက်ကုန်များအကြောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃) ဦးနေမျိုးသူရက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ ခရိုင်ပြန်/ဆက်၏ BOOK CLUB ဥက္ကဋ္ဌ ဦးအောင်စိုးမင်းက အသိပညာအတွက် စာအုပ်စာပေလေ့လာဖတ်ရှုရေးတို့ကို ဟောပြောခဲ့ကြသည်။ **စိန်ကျော်**

### နယ်လှည့်အသိပညာပေးဟောပြော

**ပူတာအို**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းမှုဖြင့် နယ်လှည့်အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်များပြသခြင်းကို ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီက ပူတာအိုမြို့နယ် ဆန်ဂေါင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ခန်းမဆောင်၌ ကျင်းပသည်။

ဆန်ဂေါင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာကြီး ဦးဘရန်ဒီးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးမိုးနိုင်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးနှင့် လူကုန်ကူးမှုဖြစ်ပေါ်လာနိုင်သည့်အခြေအနေများ၊ ဖြစ်ပေါ်လာပါက ကာကွယ်ရမည့်နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## ပဲခူးမြို့တွင် သံဃာအပါး ၅၀၀၀ ဆွမ်းဆန်စိမ်း လောင်းလှူမည်ဖြစ်သဖြင့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်အား ခေတ္တပိတ်ထားမည်

**ပဲခူး ဒီဇင်ဘာ ၅**

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးရင်ပြင်တော်၌ ဒီဇင်ဘာ ၇ ရက်တွင် သံဃာအပါး ၅၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်သဖြင့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်အား ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

သံဃာအပါး ၅၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သွေးဆေးကန်တိုက် ဓမ္မဝံသ ကျောင်းသစ်ဆရာတော် ဘဒ္ဒန္တကုသလ အရှင်စင်တောက် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)အားအမှူးထားပြီး ဟောင်ကောင်ရှိသစ်ကော်ပိုရေးရှင်းမှ ရန်ကြိန်ရှင်း၊ ညတ်ရွှယ်လျန်း၊ ရိန်ကြိန်ရှင်း၊ ကျန်းဇွေ့ရိ၊ ရန်ကြိန့်ဟောတ်၊ ဝေ့ကျောင်းယူနှင့် အပြည်ပြည်ဆိုင်ရာ လင်ဂျူးတောင်ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့မှ ဒါယကာ၊ ဒါယိကာမများ စုပေါင်းပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပဲခူးမြို့နယ်အတွင်းရှိ ပရဟိတအဖွဲ့အစည်းများနှင့်အတူ လှူဒါန်းပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

သံဃာအပါး ၅၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်မည့် ဒီဇင်ဘာ ၇ ရက်တွင် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးရင်ပြင်တော်အား နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးပြည်သူများ ရင်ပြင်ပေါ်သို့ တက်ရောက်ဘုရားဖူးမြော်ကြည်ညိုခြင်းကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## ပူတာအို၌ နှစ်(၇၀)ပြည့် ရဝမ်အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

**ပူတာအို ဒီဇင်ဘာ ၅**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းကကြီးမှူး၍ ဒီဇင်ဘာ ၉ ရက်တွင် ကျရောက်မည့် နှစ် (၇၀) ပြည့် ရဝမ်အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနား နှင့် ပျော်ပွဲရွှင်ပွဲများကို ပူတာအိုမြို့ ဒုတ္တာန်ရပ်ကွက်ရှိ ရဝမ်အမျိုးသား ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ရဝမ်အမျိုးသားနေ့ကို ပူတာအိုမြို့တွင် ကျင်းပသွားမည့်အပြင် နောင်မွန်၊ ခေါင်လန်ဖူး၊ မြစ်ကြီးနား၊ ဖားကန့်၊ မန္တလေး၊ ရန်ကုန်၊တာချီလိတ်မြို့များတွင်လည်း ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးမယစ်ယောရှုထံမှ သိရသည်။

**ဖုန်ကန်(ပူတာအို)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဓိကစိုက်ပျိုးမည့် နွေသီးနှံသုံးမျိုးတွင် စိုက်ပျိုးထုတ်လုပ်မှုလျော့နည်းမည်

**မုံရွာ ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး၊ နွေနှမ်း နှင့် မိုးကြိုပဲတီစိမ်းသီးနှံတို့သည် စိုက်ပျိုးရေမရရှိသဖြင့် စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းမည်ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောကြားသည်။

ယခုနှစ်နွေသီးနှံများကို တိုင်းဒေသကြီးအတွင်းမှ နွေစပါးကို ဆည်ရေသောက်နည်းလမ်းဖြင့် ၆၃၀၆ ဧက၊ လျှပ်စစ်မြစ်ရေတင်နည်းလမ်းဖြင့် ၇၇၀၃ ဧက၊ ချောင်းပိတ်မြောင်းပိတ်နည်းလမ်းဖြင့် ၁၄၇၉၉ ဧက၊ မြေအောက်ရေရရှိရေးနည်းလမ်းဖြင့် ၈၀၇၂ ဧကနှင့် သဘာဝရေဝင်နည်းလမ်းဖြင့် နွေစပါး စုစုပေါင်း ၂၆၀၃၈ ဧကဖြင့်လည်းကောင်း၊ နွေနှမ်းသီးနှံကို ဆည်ရေသောက်နည်းလမ်းဖြင့် ၂၁၄၃ ဧက၊ လျှပ်စစ်မြစ်ရေတင်နည်းလမ်းဖြင့် ၁၈၉၅ ဧက၊ မြေအောက်ရေရရှိရေးနည်းလမ်းဖြင့် ၆၇၃၇၄ ဧက စုစုပေါင်း ၇၁၄၁၂ ဧကအားလည်းကောင်း၊ မိုးကြိုပဲတီစိမ်းသီးနှံကို ဆည်ရေသောက်စနစ်ဖြင့် ၅၉၂ ဧက၊ လျှပ်စစ်မြစ်ရေတင်နည်းလမ်းဖြင့် ဧက ၁၄၇၀၊ မြေအောက်ရေရရှိရေးနည်းလမ်းဖြင့် ၅၀၅၉၇ ဧက စုစုပေါင်း ၅၂၆၅၉ ဧကအားလည်းကောင်း စိုက်ပျိုးသွားရန် လျာထားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ဧက ၃၆၉၄၉၀ အားလည်းကောင်း၊ နွေနှမ်းသီးနှံ ၉၅၉၇၈ ဧကအားလည်းကောင်း၊ မိုးကြိုပဲတီစိမ်းသီးနှံကို ၆၉၈၉၄ ဧက စုစုပေါင်း ၅၃၅၃၆၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားရုံးစစ်တမ်းကောက်ယူခြင်းနှင့် ဒေသဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၅**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်နှင့် USAID – PRLM တို့ ပူးပေါင်းကျင်းပသည့် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်အရ တရားရုံးစစ်တမ်းကောက်ယူခြင်းနှင့် ဒေသဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် သုံးထပ်ဆောင်သင်တန်းခန်းမ၌ ကျင်းပသည်။

**မှာကြား**

ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေးက အဖွင့်အမှာစကားပြောကြားရာ၌ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၈–၂၀၂၂) မဟာဗျူဟာ လုပ်ငန်းနယ်ပယ် (၅) တွင် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် ဖော်ပြထားကြောင်း၊ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို သုံးနှစ်အတွင်း အဆင့်လိုက် အကောင်အထည်ဖော်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အနောက်ပိုင်းခရိုင်တရားရုံး၊ အရှေ့ပိုင်းခရိုင်တရားရုံးနှင့် အဆိုပါ ခရိုင်နှစ်ခုအတွင်းရှိ မြို့နယ်တရားရုံးများတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြောက်ပိုင်းခရိုင်တရားရုံး၌ ၁–၁–၂၀၂၀ ရက်တွင် လည်းကောင်း၊ မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်တရားရုံး ခုနစ်ရုံး၌ ၁–၇–၂၀၂၀ ရက်တွင် လည်းကောင်း စတင် အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ကြောင်း၊ သင်တန်းတွင် ပြီးပြတ်သွားသည့် အမှုတွဲများကို စစ်တမ်းကောက်ယူခြင်း၊ စစ်ဆေးဆဲ အမှုတွဲများကို စစ်တမ်းကောက်ယူခြင်း၊ တရားရုံးအသုံးပြုသူများ၏ စိတ်ကျေနပ်မှု စစ်တမ်းကောက်ယူခြင်းများကို သင်ကြားပို့ချမည့်အပြင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ဒေသဆိုင်ရာ ဆရာဖြစ်သင်တန်းကိုလည်း ဆက်လက်သင်ကြားပို့ချမည်ဖြစ်၍ သင်တန်းသားများက မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်တွင် အဓိကအရေးပါသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကောင်းမွန်စွာ နားလည်သဘောပေါက်ပြီး အသုံးပြုမည့်ပုံစံများကို မှန်မှန်ကန်ကန် ဖြည့်သွင်းအသုံးပြုနိုင်ရန် ကြိုးစား သင်ယူသွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ တရားရေးဦးစီးမှူး၊ ရုံးအဖွဲ့မှူးနှင့် တရားရေးအရာရှိများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ Trainer၊ Regional Trainer များ၊ USAID–PRLM မှ သင်တန်းဆရာဆရာမများ၊ သင်တန်းသားများအဖြစ် ခရိုင်အဆင့် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့ရှိ တက္ကသိုလ်လေးခုအား ယာဉ်လိုင်းသစ်ဖြင့် ချိတ်ဆက်ပြေးဆွဲသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်မြို့ရှိ တက္ကသိုလ်လေးခုတွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများနှင့် ခရီးသွားပြည်သူများ သွားလာမှုပိုမိုအဆင်ပြေလွယ်ကူစေရန်အတွက် ယာဉ်လိုင်းသစ်တစ်ခုဖြင့် ချိတ်ဆက်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA) တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောကြားသည်။

ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ YRTA ရုံးချုပ်တွင် ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲ (၁၄/၂၀၁၉)တွင် YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"ချိတ်ဆက် ပြေးဆွဲသွားမယ့် တက္ကသိုလ်တွေကတော့ နည်းပညာတက္ကသိုလ် (လှိုင်သာယာ)၊ ဆေးတက္ကသိုလ် (၂)၊ ဒဂုံတက္ကသိုလ်နဲ့ စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)တို့ပဲဖြစ်ပါတယ်" ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောကြားသည်။

ယာဉ်စီးရေ ၂၇ စီးဖြင့် ပြေးဆွဲသွားရန် တင်ပြထားကြောင်း YRTA မှ သိရသည်။

**အသွားခရီးစဉ်**

အဆိုပါ ယာဉ်လိုင်းသစ်သည် အသွားခရီးစဉ်လမ်းကြောင်းအဖြစ် ဂိတ်ရင်းဖြစ်သောနည်းပညာတက္ကသိုလ် (လှိုင်သာယာ)မှ စတင်၍ ရန်ကုန်ပုသိမ်လမ်း – အနော်ရထာလမ်း– ရွှေပြည်သာတံတား–ရွှေပြည်သာတံတားလမ်း–ဒညင်းကုန်းလမ်းဆုံ– ခရေပင်လမ်း–အမှတ်(၃)လမ်းဆုံ– အောင်မင်္ဂလာအဝေးပြေး–ဖ ကွေ့– သုခမ္မာလမ်း – ခေမာသီလမ်း – ဆေးတက္ကသိုလ်(၂) – မြောက်ဥက္ကလာအဝိုင်း – စက်မှုလမ်း – ဗိုလ်မှူးဗထူးလမ်း – ကျန်စစ်သားလမ်း – မင်းရဲကျော်စွာလမ်း–တော်ဝင်လမ်း–ဒဂုံတက္ကသိုလ် – ဗိုလ်မှူးဗထူးလမ်း – ကျန်စစ်သားလမ်း – အမှတ်(၂) လမ်းမကြီး–စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)၌ ဂိတ်ဆုံးမည်ဖြစ်သည်။

အပြန်ခရီးစဉ်လမ်းကြောင်းအဖြစ် စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)မှ အမှတ်(၂)လမ်းမကြီး–ကျန်စစ်သားလမ်း–မင်းရဲကျော်စွာလမ်း–တော်ဝင်လမ်း–ဒဂုံတက္ကသိုလ်–ဗိုလ်မှူးဗထူးလမ်းမှ လာလမ်းအတိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ)သို့ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင်း ခရီးသွားလာနေသော ပြည်သူအများစုမှာခရီးသည်တင်ယာဉ်လိုင်းများကိုသာ အဓိကအားထားသွားလာနေကြပြီး လက်ရှိကာလတွင် ရန်ကုန်မြို့၌ YBS ယာဉ်လိုင်းပေါင်း ၁၀၀ ရှိပြီး ပြေးဆွဲလမ်းကြောင်းပေါင်း ၁၃၅ လမ်းရှိကာ နေ့စဉ်ယာဉ်အစီးရေ ၄၄၀၀ ကျော်တို့က ခရီးသွားပြည်သူ ၁ ဒသမ ၈ သန်းခန့်အား သယ်ယူပို့ဆောင်ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ **ကိုထက်**



# ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း သီပေါတွင် ကျင်းပ

**သီပေါ ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက နောင်အန်ကျေးရွာအုပ်စု ရွာဦးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွဋ်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်နီလာစိုးက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်သူ့စကားဝိုင်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးက ဆွေးနွေးပြီး ကျေးလက်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးလှစိုး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာကောင်းထက်စံ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်မိုးနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဦးစီးအရာရှိ ဦးသိန်းဇော်တို့က ကဏ္ဍအလိုက်ဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## သတင်းစုံကဏ္ဍ

### စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပမည်

**မြဝတီ။** ။ ကရင်ပြည်နယ် မြဝတီမြို့ သောင်ရင်းခန်းမတွင် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် (၁၆)ကြိမ်မြောက် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၅ ရက် ည ၇ နာရီတွင် ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)နှင့် ဆရာမခင်သန္တာတို့က ရသ၊ သုတစာပေများကို ဟောပြောကြမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၆ ရက် ည ၇ နာရီတွင် အမျိုးသားစာပေဆုရ ဆရာမြင်းမူမောင်နိုင်မိုးနှင့် မြဝတီမြို့ဒေသခံကဗျာဆရာ(သက်ဦးနိုင်–မြဝတီ)တို့က ရသနှင့် သုတရစေမည့် "ကဗျာ"များကို ရွတ်ဆိုသွားမည်ဖြစ်သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

### ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း မိတ်ဆက်ရှင်းလင်း

**ညောင်လေးပင်**

ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ကျေးရွာ ၁၅ ရွာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးနှင့် ဦးညီညီထွေး၊ ခေတ္တမြို့နယ်ကျေးလက်ဦးစီးမှူး ဦးမင်းမင်းသိမ်း၊ မြို့နယ်တာဝန်ခံများနှင့်အတူ ဆောင်ရွက်ခဲ့ကြသည်။ ခေတ္တမြို့နယ်ကျေးလက်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် တာဝန်ရှိသူတို့က စီမံကိန်းနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းကြပြီး ကော်မတီဝင်များ ဖွဲ့စည်းပေးကာ သင်တန်းသားနှစ်ဦးစီအား ရွေးချယ်ပေးခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

### ဝဥစိုက်ပျိုးသူများ တွက်ခြေကိုက်

**ကန်ပက်လက်။** ။ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်သည် ရေမြေသဘာဝအရ ဝဥစိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ မြို့နယ်အတွင်းရှိ အိမ်ထောင်စုတိုင်းလိုလိုက ဝဥစိုက်ပျိုးကြပြီး နှစ်စဉ်ဝင်ငွေကောင်းစွာရရှိသော သီးနှံတစ်မျိုးဖြစ်သည်။

အဆိုပါ ဝဥသည် ယခင်နှစ်ထက်ဈေးအနည်းငယ်ကျဆင်းသော်လည်း ဝဥအပင်မှထွက်သောအသီး တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ မှ ၈၀၀၀ ဝဥဥအကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ မှ ၁၈၀၀ အထိ ဈေးပေး၍ အနယ်နယ် အရပ်ရပ်မှစီးပွားရေးလုပ်ငန်းရှင်များက လာရောက်ဝယ်ယူကြသဖြင့် စိုက်ပျိုးသည့်ဧကအနည်းအများအလိုက် အိမ်ထောင်စုတစ်ခုလျှင် ပျမ်းမျှ အနည်းဆုံး ငွေကျပ် ၁၀ သိန်းမှ ကျပ်သိန်း ၁၀၀ ကျော်အထိ ဝင်ငွေရရှိကြောင်း သိရသည်။ **မိုင်မိရိမ်(ပြန်/ဆက်)**

### မျက်စိ အခမဲ့စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသပေး

**မောက်မယ်။** ။ ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား မျက်စိအခမဲ့စမ်းသပ်ခြင်းနှင့် မျက်စိခွဲစိတ်အလင်းပေးခြင်းတို့ကို မောက်မယ်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူဇာချစ်တင်၊ လင်းခေးခရိုင်အုပ်ချုပ်ရေးမှူးဦးနိုးဝေ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မျက်စိလာရောက်စမ်းသပ်ခွဲစိတ်သူများအား ကြည့်ရှုအားပေးခဲ့သည်။

**စိုင်းမျိုးသန့်(မောက်မယ်)**



ဒီဇင်ဘာ ၃ ရက်က ကော့ကရိတ်မြို့နယ် အံဖကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကော့ကရိတ်မြို့မရဲစခန်းမှူး ဒုရဲမှူး ထူးအောင်ရွှေနှင့် အမှတ်(၇၁) ယာဉ် ထိန်းရဲတပ်ဖွဲ့စုမှူး ရဲအုပ်သန်းနိုင်ရွှေ တို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သက်ငယ်မုဒိမ်း၊ မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း အသိပညာပေးဟောပြောစဉ်။ ကြေးမုံ

# ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့အတွက် ဒုတိယမြောက်ရွှေဆုကို Pool 9Ball နှစ်ယောက်တွဲပြိုင်ပွဲမှ ရရှိ

**မနီလာ ဒီဇင်ဘာ ၅**

အကြိမ်(၃၀)မြောက် ဆီးဂိမ်း Pool 9 Ball နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက မနီလာမြို့ရှိ မနီလာဟိုတယ်၌ ကျင်းပရာ မြန်မာအတွဲဖြစ်သည့် ဖုန်းမြင့်ကျော်(ခ) မောင်မောင်နှင့် အောင်မိုးသူအတွဲ ရွှေတံဆိပ် ဆွတ်ခူးရရှိခဲ့သည်။ ဖုန်းမြင့်ကျော်(ခ)မောင်မောင်နှင့် အောင်မိုးသူတို့ ရယူပေးခဲ့သည့် ရွှေတံဆိပ်ဆုမှာ ယခုဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရရှိသည့် ဒုတိယမြောက် ရွှေဆုဖြစ်ခဲ့သည်။

မြန်မာအတွဲသည် ၂၀၁၇ ဆီးဂိမ်း ချန်ပီယံ စင်ကာပူအတွဲနှင့် ဗိုလ်လုပွဲတွင်တွေ့ဆုံခဲ့ပြီး ကိုးပွဲ-လေးပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအတွဲသည် ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲ ဗိုလ်လုပွဲမှ ရှုံးကြေးကို ပြန်ဆပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအတွဲသည် အံ့အားသင့်ဖွယ်စွမ်းဆောင်မှုနှင့်အတူ ရှစ်ပွဲဆက် အနိုင်ရခဲ့သည်။ ကိုးပွဲမြောက်ပွဲငယ်တွင် အနိုင်ရပါက ချန်ပီယံဖြစ်လာနိုင်ရာ ကြိုးစားခဲ့သော်လည်း နောက်ဆုံး နှစ်လုံးအကျန်တွင် ဝင်အောင်မထိုး နိုင်ဘဲ ပြိုင်ဘက်ကို အခွင့်အရေးပေးခဲ့ရသည်။ စင်ကာပူအတွဲသည် ပွဲငယ်လေးပွဲဆက်ပြန်အနိုင်ရသော်လည်း ၁၃ ပွဲမြောက်တွင် မြန်မာအတွဲက ပြန်လည်အနိုင်ယူကာ ချန်ပီယံဖြစ်ခဲ့ခြင်း ဖြစ်သည်။ မြန်မာအတွဲသည် ကွာတားဖိုင်နယ်တွင် ထိုင်းအတွဲ၊ ဆီမီးဖိုင်နယ်တွင် ဖိလစ်ပိုင်အတွဲ၊ ဗိုလ်လုပွဲတွင် စင်ကာပူအတွဲကို အနိုင် ကစား ခဲ့ခြင်းဖြစ်သည်။

ယခုရွှေဆုမှာ ဆီးဂိမ်းပြိုင်ပွဲ တစ်လျှောက် Pool ပြိုင်ပွဲအမျိုးအစားမှ ပထမဆုံးရရှိသည့် ရွှေတံဆိပ်ဖြစ်ခဲ့သည်။ **သတင်း-ရှိုင်းထက်ဇော်**



ရွှေဆုရ ဖုန်းမြင့်ကျော် (ခ) မောင်မောင်နှင့် အောင်မိုးသူအတွဲ ဆုယူအပြီး တွေ့ရစဉ်။

**ဓာတ်ပုံ-စိုးညွန့်(ခေတ္တ-မနီလာ)**

## အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေ

| နိုင်ငံ | ဆုတံဆိပ် | | | စုစုပေါင်း |
|---|---|---|---|---|
| | ရွှေ | ငွေ | ကြေး | |
| ဖိလစ်ပိုင် | ၆၃ | ၄၅ | ၃၄ | ၁၄၂ |
| ဗီယက်နမ် | ၃၁ | ၃၅ | ၄၁ | ၁၀၇ |
| အင်ဒိုနီးရှား | ၂၇ | ၃၆ | ၃၉ | ၁၀၂ |
| စင်ကာပူ | ၂၆ | ၁၉ | ၂၉ | ၇၄ |
| မလေးရှား | ၂၃ | ၁၆ | ၂၄ | ၆၃ |
| ထိုင်း | ၁၆ | ၂၂ | ၃၀ | ၆၈ |
| မြန်မာ | ၂ | ၈ | ၂၃ | ၃၃ |
| ကမ္ဘောဒီးယား | ၂ | ၃ | ၁၇ | ၂၂ |
| ဘရူနိုင်း | ၁ | ၅ | ၅ | ၁၁ |
| လာအို | ၀ | ၂ | ၁၀ | ၁၂ |
| တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

## ပိုက်ကျော်ခြင်း နှစ်ယောက်တွဲအသင်းလိုက် ပြိုင်ပွဲတွင် မြန်မာ ငွေရရှိ

**မနီလာ ဒီဇင်ဘာ ၅**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ နှစ်ယောက်တွဲအသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းက ဆူဘစ်မြို့၌ ကျင်းပရာ မြန်မာအသင်းသည် ရွှေတံဆိပ်ဆုနှင့် လွဲချော်ခဲ့သည်။

မုန်တိုင်းကြောင့် ပွဲစဉ်ရွှေ့ဆိုင်းခဲ့ရမှုကြောင့် ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို တစ်ရက်တည်းကစားခဲ့ရပြီး မြန်မာအသင်းသည် ဗိုလ်လုပွဲတက်ရောက်နိုင်သော်လည်း ရွှေဆုနှင့် လွဲချော်ခဲ့သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ ပထမပွဲတွင် ဖိလစ်ပိုင်အသင်းက အနိုင်ရခဲ့သောကြောင့် နောက်မှ လိုက်ကစားခဲ့ရသော်လည်း နှစ်ပွဲဆက်ပြန်အနိုင်ရသောကြောင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် အင်ဒိုနီးရှားအသင်းနှင့်တွေ့ဆုံခဲ့ပြီး ညနေပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအသင်းသည် ရွှေဆုရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း နှစ်ပွဲ-ပွဲမရှိဖြင့် အရေးနိမ့်ကာ ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် နောက်ဆုံးပွဲအဖြစ် အမျိုးသား သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။ သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် ငါးသင်းပါဝင်ပြီး ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသမီးကွင်းသွင်းခြင်းခတ်ပြိုင်ပွဲမှ ကြေးတံဆိပ်တစ်ခု၊ အမျိုးသား နှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲမှ ငွေတံဆိပ်တစ်ခု ရရှိထားသည်။

**ရှိုင်းထက်ဇော်**

## ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးတွင် မြန်မာနှင့် အင်ဒိုနီးရှားအသင်း တွေ့ဆုံ

**မနီလာ ဒီဇင်ဘာ ၅**

၂၀၁၉ ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲများ ထွက်ပေါ်လာပြီဖြစ်ရာ မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို နိုဝင်ဘာ၂၅ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲများကို ဒီဇင်ဘာ ၇ ရက်တွင် မနီလာမြို့ရှိ ရီဇယ်လ်အမှတ်တရကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ညနေ ၆ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များမှာ ဒီဇင်ဘာ ၅ ရက်က ပြီးဆုံးခဲ့ပြီး အုပ်စု (က) တွင် မြန်မာအသင်းက ၁၀ မှတ်ဖြင့် အုပ်စုပထမ၊ ကမ္ဘောဒီးယားအသင်းက ခုနစ်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (ခ)တွင် ဗီယက်နမ်အသင်းက ၁၃ မှတ်ဖြင့် ပထမ၊ အင်ဒိုနီးရှားအသင်းက ၁၂ မှတ်ဖြင့် အုပ်စုဒုတိယရရှိခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် ရှုံးပွဲလုံးဝမရှိခဲ့ဘဲ သုံးပွဲနိုင်၊ တစ်ပွဲသရေဖြင့် တက်ရောက်လာခြင်းဖြစ်သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် မလေးရှားနှင့် တစ်ဂိုးစီသရေကျကာ အိမ်ရှင်ဖိလစ်ပိုင်ကို နှစ်ဂိုး-တစ်ဂိုး၊ တီမောအသင်းကို သုံးဂိုး-တစ်ဂိုး၊ ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလာခြင်းဖြစ်သည်။ လက်ရှိချန်ပီယံ ထိုင်းအသင်းအပါအဝင် နာမည်ကြီးအသင်းများဖြစ်သည့် မလေးရှား၊ စင်ကာပူအသင်းတို့လည်း အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ဒီဇင်ဘာ ၅ ရက်ကစားသည့် နောက်ဆုံးပွဲတွင် ထိုင်းအသင်းသည် ဗီယက်နမ်ကို သရေသာကစားနိုင်သောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့် ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ အုပ်စု (ခ) နောက်ဆုံးနေ့တွင် အင်ဒိုနီးရှားက လာအိုကို လေးဂိုး-ဂိုးမရှိ၊ စင်ကာပူက ဘရူနိုင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗီယက်နမ်နှင့် ထိုင်းအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ **ရှိုင်းထက်ဇော်**

## ဆီးဂိမ်းကြက်တောင်ရိုက် တစ်ဦးချင်းပြိုင်ပွဲတွင် ဖုန်းပြည့်နိုင်နှင့် သက်ထားသူဇာ ကွာတားဖိုင်နယ်တက်

**မနီလာ ဒီဇင်ဘာ ၅**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၉ ဆီးဂိမ်းကြက်တောင်ပြိုင်ပွဲ၏ တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များကို ယနေ့ကျင်းပရာ မြန်မာကစားသမားနှစ်ဦးဖြစ်သည့် သက်ထားသူဇာနှင့် ဖုန်းပြည့်နိုင်တို့ ကွာတားဖိုင်နယ် တက်ရောက်သွားသည်။ တစ်ဦးချင်းအမျိုးသမီး ပြိုင်ပွဲတွင် သက်ထားသူဇာ၊ အမျိုးသားပြိုင်ပွဲတွင် ဖုန်းပြည့်နိုင်တို့ ပထမအဆင့်တွင် နိုင်ပွဲရယူပြီး ကွာတားဖိုင်နယ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ဖုန်းပြည့်နိုင်မှာမူ ကမ္ဘောဒီးယားကစားသမားကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ယူပြီး ကွာတားဖိုင်နယ် တက်ရောက်သွားသည်။ အောင်မျိုးမျိုးထူးမှာမူ ဖိလစ်ပိုင်ကစားသမားကို နှစ်ပွဲပြတ်အရေးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။



အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာကစားသမားနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ သက်ထားသူဇာက မလေးရှားကစားသမားကို အနိုင်ရခဲ့သော်လည်း တွယ်တာဦးမှာမူ စင်ကာပူကစားသမားကို အရေးနိမ့်ခဲ့သည်။

သက်ထားသူဇာသည် မလေးရှား ကစားသမား ဆိုနီယာကို အနိုင်ရခဲ့ခြင်းဖြစ်ပြီး တတိယပွဲငယ်တွင် ပြိုင်ဘက်ကစားသမား အရှုံးပေးခဲ့သောကြောင့် ပွဲမပြီးခင် အနိုင်ရခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် ပထမပွဲငယ်တွင် ၁၈-၂၁ မှတ်ဖြင့် အရေးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပုံမှန်လက်စွမ်းပြကာ ၂၁-၁၅ မှတ်ဖြင့် ပြန်လည်အနိုင်ရခဲ့သည်။ တတိယပွဲငယ်တွင်လည်း ဆက်တိုက်ဦးဆောင်ခဲ့ပြီး ၁၂-၅ မှတ်ဖြစ်နေချိန်တွင် ပြိုင်ဘက်ကစားသမားက အရှုံးပေးခဲ့ခြင်းဖြစ်သည်။ တွယ်တာဦးမှာမူ စင်ကာပူကစားသမားကို အရေးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ သက်ထားသူဇာသည် ကွာတားဖိုင်နယ်တွင် အင်ဒိုနီးရှားကစားသမားနှင့် တွေ့ဆုံနေသည်။

အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ဟိန်းစည်သူတိုးနှင့် တွယ်တာဦးအတွဲမှာ ထိုင်းအတွဲကို အရေးနိမ့်ခဲ့သည်။ **သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-မနီလာ)**

## မြန်မာဂျူဒိုအဖွဲ့ ဆုတံဆိပ်များ ထပ်မံဆွတ်ခူး

**မနီလာ ဒီဇင်ဘာ ၅**

၂၀၁၉ ဆီးဂိမ်းဂျူဒိုပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ ကလာ့ခ်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာဂျူဒိုအဖွဲ့ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခုစီ ထပ်မံရယူနိုင်ခဲ့သည်။

ပြိုင်ပွဲပထမနေ့တွင် ခတပြိုင်ပွဲများ ကျင်းပခဲ့ပြီး ဒုတိယနေ့တွင် အတိုက်ပြိုင်ပွဲများ စတင်ကျင်းပခဲ့သည်။ မြန်မာဂျူဒိုအဖွဲ့အတွက် ငွေတံဆိပ်ဆုကို အမျိုးသမီး -၅၂ ကီလိုတန်းပြိုင်ပွဲတွင် ခင်ခင်စုက ရယူပေးခဲ့ခြင်းဖြစ်ပြီး ကြေးတံဆိပ်ဆုကို အမျိုးသား -၆၆ ကီလိုတန်းပြိုင်ပွဲတွင် အောင်ဇေယျာထွန်းက ရရှိခဲ့သည်။

ခင်ခင်စုသည် ကွာတားဖိုင်နယ်တွင် အိမ်ရှင်ဖိလစ်ပိုင်ကစားသမား၊ ဆီမီးဖိုင်နယ်တွင်လည်း စင်ကာပူကစားသမားကို အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲတွင် ထိုင်းကစားသမားကို ရှုံးနိမ့်သဖြင့် ငွေတံဆိပ်ဆုဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ အောင်ဇေယျာထွန်းမှာ ကွာတားဖိုင်နယ်တွင် ထိုင်းကစားသမားကို အနိုင်ရကာ ဆီမီးဖိုင်နယ်တွင် အင်ဒိုနီးရှားကစားသမားကို ရှုံးနိမ့်သော်လည်း တတိယလုပွဲတွင် မလေးရှားကို အနိုင်ယူကာ ကြေးတံဆိပ်ရယူပေးခဲ့ခြင်း ဖြစ်သည်။ ဂျူဒိုပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် မြန်မာဂျူဒိုအဖွဲ့က ငွေတစ်ခု၊ ကြေး နှစ်ခုရရှိထားသည်။ **ရှိုင်းထက်ဇော်**

## ပီတန်းအားကစားနည်းမှ ကြေးတစ်ခုရရှိ

**မနီလာ ဒီဇင်ဘာ ၅**

ဖိလစ်ပိုင်နိုင်ငံ DCD, LOT. FRONT of Royce Hotel (Lark)တွင် ကျင်းပသော ပီတန်း အားကစားနည်း၌ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာနှင့် မလေးရှားတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာမှ ကြေးတံဆိပ်ရရှိခဲ့သည်။

Fencing အားကစားပြိုင်ပွဲ Individual Men Epee ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာနှင့် အင်ဒိုနီးရှားတို့ယှဉ်ပြိုင်ကစားကြရာ မြန်မာမှ ဟိန်းမင်းလတ်က ၅ မှတ် -၂ မှတ်ဖြင့် အနိုင်ရရှိပြီး ဝင်းသက်အောင်က အင်ဒိုနီးရှားအားကစားသမားကို ၅ မှတ်- ၃ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ **အား/ကာ**

## ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည့် မြန်မာအမျိုးသမီးအသင်း

**မနီလာ ဒီဇင်ဘာ ၅**

၂၀၁၉ ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ကို ယနေ့ညနေပိုင်းက ဖိလစ်ပိုင်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအမျိုးသမီးအသင်း ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ပြီး ထိုင်းနှင့် ဗီယက်နမ်အသင်း ဗိုလ်လုပွဲ တက်ရောက်သွားသည်။

မြန်မာအမျိုးသမီးအသင်းသည် နှစ်ပေါင်းများစွာ ဝေးကွာနေသည့် ဗိုလ်လုပွဲသို့ တစ်ကျော့ပြန် တက်ရောက်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ထိုင်းကိုအရေးနိမ့်ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် တတိယနေရာလုပွဲအဖြစ် အိမ်ရှင်ဖိလစ်ပိုင်အသင်းနှင့် ဒီဇင်ဘာ ၈ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

iMyanmarHouse.com မှ ကြီးမှူးကျင်းပမည့် (၁၂) ကြိမ်မြောက်

# မြန်မာနိုင်ငံ၏ အကြီးဆုံး အိမ်ခြံမြေ အရောင်းပြပွဲကြီး

✓ ဆောက်လုပ်ရေး ကုမ္ပဏီ (၅၀) ကျော် ✓ တိုက်ခန်း၊ ကွန်ဒိုနှင့် မြေကွက်ပေါင်း (၁၀,၀၀၀) ကျော်
✓ ရန်ကုန်၊ ပုသိမ်၊ တောင်ကြီး၊ ကလောနှင့် ဘန်ကောက်မြို့များရှိ သိန်း ၂၀၀ ကျော်မှစသော တိုက်ခန်း၊ ကွန်ဒို၊ လုံးချင်းနှင့် မြေကွက်များ ✓ စုဆောင်းငွေအနည်းငယ်ဖြင့် အတိုးမဲ့အရစ်ကျစနစ်များ၊ အသုံးလျှော့ဈေးနှုန်းများ၊ အကောင်းဆုံးငွေချေးစနစ်များ၊ ဘဏ်ချေးငွေများ၊ ခိုင်မာမှုရှိသည့် စာချုပ်စာတမ်းများဖြင့် ဝယ်ယူနိုင်ပါမည်။

ယနေ့ကျင်းပနေပါပြီ။

မြန်မာနိုင်ငံသားတိုင်း အိမ်ပိုင်ဆိုင်နိုင်ရန်
ဆက်ဆက်ကြွလှမ်းခဲ့ပါ။

၆၊ ၇၊ ၈ ဒီဇင်ဘာလ ၂၀၁၉။
တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်။

Main Sponsors: GOLDEN CITY, AYA Bank
Diamond Sponsors: CITY LOFT, Kasana Towers, SMT, M.K.T Construction Co., Ltd, Magical World
Gold Sponsors: SAE PAING, ROYAL THEIK DI
Official Banking Partners: AYA Bank, KBZ BANK, YOMA BANK, CB BANK

အိမ် ခြံ မြေအကြောင်း သိကောင်းစရာများကိုလည်း (၃) ရက်တိုင်တိုင် ဟောပြောဆွေးနွေးပေးသွားမည်။
မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။ www.imyanmarhouse.com/expo

## မြေကွက်အမြန်ရောင်းမည်

ရန်ကုန်မြို့၊ အမှတ်(၂)လမ်းမကြီးနံဘေးတွင်ရှိသော Sony ပြယုံအဆင့်မြင့် လုံးချင်းအိမ်ယာဝင်း၊ မြေကွက်အကျယ် ၁၅၀၀၀ စတုရန်းပေကျော်၊ တ/အုံမြို့နယ်တွင် တည်ရှိသော ယခင်ပေါက်ဈေး သိန်းပေါင်း(၁၅၀၀၀)ကျပ် ၊ယခုပေါက်ဈေး သိန်းပေါင်း (၁၂၀၀၀)ကျပ် ရှိသော မြေကွက်ကို လျှော့ဈေးသိန်းပေါင်း(၇၂၀၀)ကျပ်ဖြင့် အမြန်ရောင်းမည်။

ဆက်သွယ်ရန်ဖုန်း ၀၉ ၇၇၉၉၁၁၁၁၁၊ ၀၉ ၇၇၉၉၉ ၂၄၂၄

## "ညီနှိုင်းဈေးဖြင့် (အမြန်) ရောင်းမည်" (ပွဲစားမလို)

* ဗဟန်း၊အင်းယားမြိုင်လမ်းမ (70'x 80') အကျယ်ရှိ မြေသီးသန့် (မြေပိုင်) ဈေးနှုန်း - 13000 သိန်း
* မရမ်းကုန်း၊(၉)မိုင်ပြည်လမ်းသွယ်(55'x 65') အကျယ်ရှိ မြေသီးသန့် (မြေပိုင်) ဈေးနှုန်း - 1800 သိန်း
* တ/ဥ၊ရတနာလမ်းမအနီး (20'x75') အကျယ်ရှိ မြေသီးသန့်(ဂရန်) ဈေးနှုန်း - 1100 သိန်း

01 552742, 09 5060938, 09 450450977, 09 5060940

## မင်္ဂလာပါ

အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း၊ မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားများဖြင့် အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

စာစစ်အတွေ့အကြုံရှိသော ဆရာ/ဆရာမများ ရေးသားထားသော

## တို့ကျောင်းသား

၂၀၂၀ တက္ကသိုလ်ဝင်စာမေးပွဲ အထူးထုတ်
လေ့ကျင့်ရန် မေးခွန်း (၇) စုံ နှင့် စံပြအဖြေများ

Biology

ပြည့်ဝကျော်စာပေ-အမှတ်(၅၅)၊ ချွေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁-၃၈၅၁၃၈၆၊ ၀၉-၇၃၀ ၂၄၂၄

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး ... Hill Top Condo၊ အခန်းအမှတ်- ( E # 205 ) Level -5၊ ... ကန့်ကွက်နိုင်ပါသည်။ ...

သုံးအပ်ညွှန်ကြားချက်အရ-

အကျော်ကန်းဒေွနေ ... တရားလွှတ်တော်ရှေ့နေများ

| | | | |
|---|---|---|---|
| ဒေါ်ခင်မိမိဝင်း | ဒေါ်နန်းဆင့်ဆင့်ထွန်း | ဒေါ်မိုမိုဇေား | ဒေါ်တင်တနည်းနောင်း |
| (LL.B)(စဉ် ၄၈၂၅၆) | (LL.B,D.B.L,D.M.L) (စဉ် ၁၂၆၃၃) | (LL.B,D.B.L,D.M.L,D.I.L) WIPO,DL-101Switzerland (စဉ် ၈၇၃၉) | (LL.B,D.I.L)(စဉ် ၉၇၃၃) DL-101(WIPO)Geneva |

အိုက်အမှတ်(၃၈)၊ အခန်းအမှတ်(၃၀၀)၊ ... ရန်ကုန်မြို့။
☎ - 09799991090, 09799991092, 09799991095
Email : rabbitfamilyrealestate@gmail.com
Website : www.rabbitfamily.com

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ Water Front Villa အိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၀၀၂) (မြေညီထပ်)၏ တိုက်ခန်းအမည်ပေါက် ဦးဝင်းလှိုင်[၁၀/မလမ(နိုင်)၀၀၂၆၆၆]၊ ဒု-ဥက္ကဋ္ဌ၊ နေပြည်တော်လယ်ဝေးမြို့နယ်အသင်း (ရန်ကုန်) ထံမှ စာချုပ်စာတမ်းဖြင့် အပြီးအပိုင်ဝယ်ယူခဲ့သူ ဦးဇေယျာကျော်ဝင်း[၉/မထလ(နိုင်)၂၃၉၅၀၉]မှ ၎င်း၏အမည်သို့ ပိုင်ဆိုင်မှုစာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤဦးစီးဌာနသို့လာရောက်၍ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြေနှင့်အိမ်ရာဌာနခွဲ၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ နာနတ်တောလမ်းထောင့် High Way Complex အိမ်ရာ၊ တိုက်အမှတ်(A-1)၊ အခန်းအမှတ်(၄၀၃) (စတုတ္ထထပ်)၏ တိုက်ခန်းအမည်ပေါက် ဦးဇေယျာကျော်[၃/ဗအန(နိုင်)၁၉၅၁၄၆]ထံမှ စာချုပ်စာတမ်းဖြင့် အပြီးအပိုင်ဝယ်ယူခဲ့သူ ဦးမျိုးမြင့်[၉/မကန(နိုင်)၀၄၂၇၀၂]မှ ၎င်း၏အမည်သို့ ပိုင်ဆိုင်မှုစာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤဦးစီးဌာနသို့လာရောက်၍ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြေနှင့်အိမ်ရာဌာနခွဲ၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်**

## ကိုရှမ်းလေး ရွှေပေါက်ကံ၊

အုံမြို့သစ်မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း မြေကွက်များဝယ်ယူလိုပါသည်။ 09-250406914

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၅၈၈)၊ မြေဧရိယာ(၀.၁၄၆)ဧကရှိ ဦးကျော်ဝင်း(ဘ)ဦးကျော်ရှိန်[၁၂/တမန(နိုင်) ၀၄၉၁၁၅] အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဦးကျော်ဝင်း(ဘ)ဦးကျော်ရှိန်[၁၂/တမန(နိုင်)၀၄၉၁၁၅]မှ နှစ်(၃၀)မြေငှားစာချုပ် အရောင်းအဝယ်ကတိစာချုပ်မူရင်းများတင်ပြ၍ ဦးဇင်မိုးလှိုင်(ဘ)ဦးတင်လှိုင် [၉/ဇဗသ(နိုင်) ၀၀၃၈၆၇]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦး တင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၅**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့တွင် **ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင် အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦး တင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ်** လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဆွေးနွေး**

**ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး**က ယခုပြင်ဆင်ရေးပူးပေါင်းကော်မတီအနေဖြင့်လည်း အစည်းအဝေး (၆၃) ကြိမ် ခေါ်ယူဆွေးနွေးပြီး ပြင်ဆင်ချက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခန်း ၅ ခန်းပြီးဆုံး၍ အခန်း ၆ ကို စတင်နေပြီဟု သိရပါကြောင်း၊ ယင်းအပေါ်တွင် မူတည်၍ ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးလုပ်ငန်းကို လွှတ်တော်သက်တမ်းတွင် အပြီးဆောင်ရွက်မည်ဟု လွှတ်တော်သို့ အသိပေးပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုတင်ပြသည့် ဥပဒေမူကြမ်းကိုလည်း သီးခြားမဆောင်ရွက်ဘဲ ယခင်တင်သွင်းခဲ့သည့် ဥပဒေမူကြမ်းများနှင့်အတူ ပြင်ဆင်ရေးပူးပေါင်းကော်မတီလုပ်ငန်းများတွင် ထည့်သွင်းခြင်းသည်

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❂




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ကျင်းပစဉ်။

## ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုစကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၅**

ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု စကားဝိုင်းဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပခဲ့ရာ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများ၊ ဖွံ့ဖြိုးမှု

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒



ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုစကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

ကြေးမုံ ယနေ့ဖတ်စရာ

နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရန် တောင်ကိုရီးယားနှင့် တရုတ်တို့ သဘောတူညီ
စာမျက်နှာ » ၁၂

ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို စာအုပ်ပြပွဲနှင့် အရောင်းပွဲတော် ကျင်းပ
စာမျက်နှာ » ၁၆

၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာ အားကစားအဖွဲ့အတွက် ဒုတိယမြောက် ရွှေဆုကို Pool 9 Ball နှစ်ယောက်တွဲ ပြိုင်ပွဲမှရရှိ
စာမျက်နှာ » ၂၀

